# ကြေးမုံ
The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


## ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်၊ စနေနေ့။ Saturday, 21 June 2025 ၁၁၈၅၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ယနေ့ ဖတ်စရာ


ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ညှိနှိုင်း အစည်းအဝေး ကျင်းပ
စာမျက်နှာ » ၄

ပြန်ပေးအဆွဲခံထားရတဲ့ကမ္ဘာ
ဆောင်းပါး စာမျက်နှာ » ၆

ပညာရေးနယ်ပယ် အတွင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသားလူငယ်များအပါအဝင် ပါဝင်ဆောင်ရွက်လျက်ရှိသူအားလုံး ထိခိုက်နစ်နာမှု မရှိစေရေး ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ပေးရန်လိုအပ်
စာမျက်နှာ » ၉

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများ ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်တို့ကို ဆက်လက်ဖြေဆို
စာမျက်နှာ » ၁၁




# ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ မြင့်တက်သော်လည်း ပြီးခဲ့သည့်နှစ်ဆန်းပိုင်းက ဖြစ်ပေါ်ခဲ့သောဈေးနှုန်းများထက် သက်သာလျော့နည်း ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ အဆက်မပြတ်ဝင်ရောက်လျက်ရှိ

နေပြည်တော် ဇွန် ၂၀

ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်မှုကြောင့် အာရှ-ပစိဖိတ်ဒေသအတွင်း စက်သုံးဆီဈေးနှုန်း မြင့်တက်ခြင်းနှင့်အတူ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ မြင့်တက်လာသော်လည်း ပြီးခဲ့သည့်နှစ်ဆန်းပိုင်း ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းများထက် တစ်လီတာလျှင် ငွေကျပ် ၁၀၀ မှ ၁၅၀ ခန့်အထိ သက်သာလျော့နည်းလျက်ရှိကြောင်း သိရသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪





ကြေးမုံ

# အဆိုးကျော့သံသရာအဆုံးသတ်ဖို့ ဒုစရိုက်မှုများကို ဝိုင်းဝန်းနှိမ်နင်းစို့

သတ္တလောက၏ ပျက်စီးတတ်သော ဆုတ်ကပ်သဘောအရ ကပ်သုံးပါး၊ ဘေးသုံးမျိုး ကျရောက်နေသောကာလဖြစ်သည်။ ဒုဗ္ဘိက္ခန္တရကပ် - ငတ်မွတ်ခေါင်းပါးဘေး၊ သတ္တန္တရကပ် - လက်နက်ဘေး၊ ရောဂန္တရကပ် - ရောဂါဘေး၊ ထိုဘေးသုံးမျိုး တစ်မျိုးမျိုး၊ တစ်မျိုးမကကြောင့် မျက်မှောက်ကာလတွင် ပျက်စီးခြင်းအမျိုးမျိုးနှင့် ကြုံတွေ့နေရသည်။ ထိုပျက်စီးခြင်းတို့သည် လူသားများအနေဖြင့် လောဘ၊ ဒေါသ၊ မောဟဆိုသည့် မာန်မာနများနှင့် စာရိတ္တဆိုသည့် ကိုယ်ကျင့်တရားဖောက်ပြန်မှုတွင် အကြောင်းခံသည်။

များသောအားဖြင့် လူလူချင်းစာနာထောက်ထားမှု၊ ညှာတာသနားမှု၊ ရိုင်းပင်းကူညီမှု၊ ကိုယ်နှင့်ထပ်တူ ကိုယ်ချင်းစာတရားထားရှိမှု၊ မကောင်းမှုတွင် ရှက်ကြောက်မှု၊ ကောင်းမှု၊ မကောင်းမှု ဆင်ခြင်တွေးတောမှု စသည့်လူဟူသည်တွင် ရှိအပ်သည့်စံနှုန်းများ လျော့ပါးလာမှုများမှအကြောင်းခံပြီး မကောင်းမှုများ၊ ဒုစရိုက်မှုများ တိုးပွားလာသည်ကိုတွေ့ရသည်။ သူတစ်ပါး၏ အသက်အိုးအိမ်ကို ထိခိုက်ပျက်စီးနစ်နာစေခြင်း၊ သူတစ်ပါးတို့၏ ပစ္စည်းဥစ္စာကို ခိုးဝှက်ခြင်း၊ လုယက်ခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းစွာပြုကျင့်ခြင်း၊ လိမ်လည်လှည့်စားခြင်း၊ မူးယစ်ဆေးဝါးများ သယ်ဆောင်သုံးစွဲခြင်းစသည်တို့သည် တရားဥပဒေကိုချိုးဖောက်သော ဒုစရိုက်မှုများဖြစ်သည်။

ဤမကောင်းမှုများ လျော့ပါးပပျောက်စေရန်အတွက် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာဟူသည့် အနန္တငါးပါး၏ သွန်သင်ဆုံးမလမ်းညွှန်မှုနှင့် ရှိသေဆည်းကပ်မှုကို ငယ်စဉ်အချိန်ကတည်းက လိုက်နာဆောင်ရွက်သင့်သည်။ ပညာသင်ချိန်ရောက်သည့်အခါ၌ ကောင်း၏၊ မကောင်း၏၊ မှန်၏၊ မမှန်၏ တွေးတောဆင်ခြင်အပ်သော အသိဉာဏ်ပညာဗဟုသုတများ တိုးပွားစေရန် ပညာသင်ခြင်း၊ စာအုပ်စာပေဖတ်ရှုခြင်းတို့ကို ပြုလုပ်ရသည်။ မကောင်းမှုဒုစရိုက်အမှုများသည် နိုင်ငံတော်အတွင်း ငြိမ်းချမ်းသာယာမှုကို ပျက်ပြားစေပြီး နိုင်ငံတော်၏အကျိုးကို ဆုတ်ယုတ်စေတတ်သည်။ ထို့ကြောင့် နိုင်ငံတော်တစ်ဝန်းလုံး ငြိမ်းချမ်းသာယာ၍ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရေး၊ တိုင်းရင်းသားအချင်းချင်းချစ်ကြည်ရေး၊ ပြည်ထောင်စုကြီး တည်တံ့သာယာဝပြောရေးတို့ကို အလိုရှိကြသော ပြည်သူအပေါင်းတို့သည် မင်းမဲ့စရိုက်ဖြစ်သည့် ဒုစရိုက်မှုများမှအစ တားဆီးနှိမ်နင်းကြရမည်ဖြစ်သည်။

မကောင်းမှုဟူသည် သာမန်အမှုလေးများမှစ၍ မျိုးစေ့သန္ဓေတည်လာသည် ဖြစ်ရာ မကောင်းသော ဒုစရိုက်အမှုတို့ကို အနည်းငယ်မျှပင် စတင်မကျူးလွန်မိအောင် ထိန်းသိမ်းတားဆီးကြရပေမည်။ ကောင်းမှု၊ မကောင်းမှုဟူသည် ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက လေယူရာယိမ်းတိမ်းညွတ်တတ်သည်ဖြစ်၍ မကောင်းမှုရှောင် ကောင်းမှုဆောင်နိုင်သည့် ပတ်ဝန်းကျင်ကောင်းဖြစ်လာစေရန် ဝိုင်းဝန်းပြုပြင်ဖန်တီးတည်ဆောက်ကြရမည်ဖြစ်သည်။ ငယ်စဉ်က ကျေးညီနောင်ပုံပြင်ကဲ့သို့ လေပြင်းတိုက်ခတ်မှုတွင် မကောင်းမှုဒုစရိုက်ဘက်သို့ရောက်သွားသည့် ကျေးငယ်နှင့် ကောင်းသောဝန်းကျင်သို့ရောက်သွားသည့် ကျေးငယ်ဥပမာသည် နမူနာယူစရာဖြစ်သည်။

ကလေးငယ်များ ပြုစုပျိုးထောင်ရေးအသိုက်အမြုံတစ်ခုသို့ ရောက်ရှိလာသည့် ကလေးငယ်များသည် မိသားစုအမျိုးမျိုးမှရောက်လာသည်ဖြစ်၍ စရိုက်ဆိုး၊ စရိုက်ကောင်းများ ရောနှောပါလာတတ်သည်မှာ သဘာဝဖြစ်သည်။ သွေးတူသည့် တစ်အူထုံ့ဆင်းမိသားစုအတွင်းမှာပင် ဗီဇစရိုက်ကွဲသူများ ပါလာတတ်သည်ကို တွေ့ရမည်ဖြစ်သည်။ စရိုက်ဆိုးသောကလေးငယ်သည် မကောင်းမှုကိစ္စများကို နှစ်သက်တတ်သည့်သဘောပါလာပြီး စရိုက်ကောင်းသော ကလေးငယ်သည် ကောင်းသောအမှုများကို နှစ်သက်တတ်သောသဘောရှိသည်။ မည်သို့ပင်ဖြစ်စေ ကလေးငယ်သည် ခံစားတတ်လွယ်သောသဘောရှိ၍ မကောင်းမှုများ၏ဆိုးကျိုးနှင့် ကောင်းမှုများ၏ ကောင်းကျိုးတို့ကို သိရှိနားလည်လာပါက ကောင်းသည့်ဘက်သို့သာ ကိုင်းညွတ်သွားတတ်သည်ကို အုပ်ထိန်းသူမိဘများအနေဖြင့် နားလည်သဘောပေါက်ကြပြီး ကောင်းသည့်စရိုက်လက္ခဏာများထွန်းကားအောင် ဝိုင်းဝန်းထိန်းကျောင်း ပြုပြင်ပျိုးထောင်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် နည်းပညာများ နေ့စဉ်နှင့်အမျှ တိုးတက်ထွန်းကားနေသည့်အတွက် ကလေးများအားသန်သည့် နည်းပညာနယ်ပယ်တွင် အတုမြင်အတတ်သင် မကောင်းမှုများကိုရှောင်ရှားပြီး ကောင်းမှုများကို ဆောင်ကြဉ်းနိုင်စေရန် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ လတ်တလောတွင် ဖြစ်ပေါ်နေသော ရာဇဝတ်မှုများ၌ မသိနားမလည်မှုများကြောင့် အတုခိုးမှားပြီး လမ်းမှားရောက်ကြရသည့် အခြေအနေများကို တွေ့ရမည်ဖြစ်သည်။ ရုပ်ရှင်၊ ဗီဒီယိုဇာတ်လမ်းများ၌ မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်နှင့်မဆီလျော်သော တိုင်းတစ်ပါးယဉ်ကျေးမှုဓလေ့စရိုက်များကို အတုခိုးမမှားဖို့ ဂရုစိုက်ကြရန်လိုပေမည်။ အထူးသဖြင့် ကျောင်းသားကျောင်းသူကလေးအရွယ်များအချင်းချင်း မင်းမဲ့စရိုက်ဆန်စွာ အနိုင်ကျင့်နှိပ်စက်မှု၊ လက်တုံ့ပြန်မှု၊ ဆရာများအပေါ် ပြစ်မှားစော်ကားမှု စသည့်အပြုအမူများကို အတုခိုးမမှားအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာတို့သည် ယဉ်ကျေးမှုအစဉ်အလာကြီးမားသည့် လူမျိုးနှင့်နိုင်ငံဖြစ်သည့်အလျောက် မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်ဖီလာဖြစ်သော မကောင်းမှုဒုစရိုက်အဆိုးကျော့သံသရာအဆုံးသတ်စေရန် ငယ်စဉ်ကာလကတည်းက ထိန်းကျောင်းပဲ့ပြင် တည့်မတ်ပေးပြီး မကောင်းမှုဒုစရိုက်မှန်သမျှကို ဝိုင်းဝန်းတားဆီး နှိမ်နင်းတိုက်ဖျက်ရေးသည် နိုင်ငံသားအားလုံး၏တာဝန် ဖြစ်ပါကြောင်း။ ။

## လျှော်ဘေးသင့်ဒေသပြည်သူများအား ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၀

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ် ခြောက်ခုတို့တွင် ဇွန် ၂၀ ရက်အထိ သေဆုံးသူ ၃၇၅၇ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၄၉ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၅ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ




နေပြည်တော် ဇွန် ၂၀

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် LEAPMOTOR C11 (Standard) အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များနှင့် Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA U အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀- ၆ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၅၀၀ | ၆,၆၀၀ | ၇၇၀ | ၅,၀၂၅,၀၀၀ |
| MTSH | ၂,၉၅၀ | ၃,၀၀၀ | ၄,၈၃၄ | ၁၄,၃၆၀,၃၅၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၈၅ | ၆၂၀,၅၀၀ |
| FPB | ၁,၉၀၀ | ၁,၈၅၀ | ၂၀၃ | ၃၈၃,၃၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၆၀၀ | ၁,၆၂၀,၀၀၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၁,၈၂၁ | ၂,၉၆၉,၆၅၀ |
| AMATA | ၃,၉၅၀ | ၃,၉၅၀ | ၁၉၇ | ၇၇၈,၁၅၀ |
| MAEX | ၃,၀၀၀ | ၃,၀၀၀ | ၁,၉၅၄ | ၅,၈၆၂,၀၀၀ |
| MADPL(PLB) | ၃,၁၅၀ | ၃,၁၅၀ | ၅ | ၁၅,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - ဦးအေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း (၉)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၉)ကြိမ်မြောက် ကူမင်း ပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲသို့ တက်ရောက်

**နေပြည်တော် ဇွန် ၂၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယူနန်ပြည်နယ် အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပပြုလုပ်သော (၉)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၉)ကြိမ်မြောက် ကူမင်း ပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲသို့ တက်ရောက်ရန် ဇွန် ၁၇ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ကူမင်းမြို့သို့ ဒေသစံတော်ချိန် ၆ နာရီ ၄၅ မိနစ်တွင် ရောက်ရှိရာ ကူမင်းမြို့ ချန်းရွေ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Yang Yalin နှင့် ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်တို့က ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး ခေတ္တတည်းခိုမည့် Green Lake Hotel သို့ လိုက်ပါပို့ဆောင်ခဲ့သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း (၉)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၉)ကြိမ်မြောက် ကူမင်း ပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်မိန့်ခွန်းပြောကြားစဉ်။

မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် ကူမင်းမြို့ တီယန်ချီ အပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းစင်တာ (Dian Chi International Exhibition and Convention Center)၌ ကျင်းပပြုလုပ်သော (၉)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၉)ကြိမ်မြောက် ကူမင်း ပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားသို့ရောက်ရှိပြီး လျှပ်စစ်မော်တော်ယာဉ်များဖြင့် ကုန်စည်ပြခန်းဆောင်များအား လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Wang Dongming နှင့် အာဖဂန်နစ္စတန်နိုင်ငံ၊ မော်လ်ဒိုက်နိုင်ငံ၊ လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ အကြီးအကဲများနှင့်အတူ အဖွင့်မိန့်ခွန်း ပြောကြားကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တီယန်ချီအပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းစင်တာ (Dian Chi International Exhibition and Convention Center) ခန်းမဆောင် ၇ ညှိုခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Wang Dongming နှင့် တွေ့ဆုံပြီး လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ မြန်မာနိုင်ငံအတွင်း တရုတ်နိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအတွက် ကူညီပေးရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာ့ပြခန်းဆောင်၌ ခင်းကျင်းပြသထားသော မြန်မာ့ထုတ်ကုန် ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကာ ကုန်သည် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ မြန်မာ့ထုတ်ကုန်များကို ဒေသတွင်းနှင့် နိုင်ငံတကာ ဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရေး အတွက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ ပလက်ဖောင်း (Platform)ကို ထိထိရောက်ရောက် အသုံးချရန် မှာကြားခဲ့သည်။

ခရီးစဉ်အတွင်း ဇွန် ၁၈ ရက် နံနက်ပိုင်းက မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၏ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ္တတည်းခိုသည့် Green Lake Hotel ၌ Union Resources and Engineering Co.,Ltd. အား လက်ခံတွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် Yunnan Energy Investment Group နှင့် State Power Investment Yunnan International Co.,Ltd. များသို့ သွားရောက်လေ့လာခဲ့ပြီး လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတွင် မြန်မာနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခြေအနေများကို ဆွေးနွေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့ Hai Geng Garden Hotel ၌ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ ကော်မတီ အတွင်းရေးမှူး Mr. Wang Ning နှင့် တွေ့ဆုံပြီး အနာဂတ်တွင် မြန်မာနိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍတို့တွင် ပူးပေါင်း ဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တို့ကို ဆွေးနွေးကြပြီး ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ ကော်မတီအတွင်းရေးမှူး Mr. Wang Ning က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၀ ရက် ဒေသစံတော်ချိန် ၁ နာရီ ၁၀ မိနစ်တွင် ကူမင်းမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရာ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Yang Yalin နှင့် ကူမင်းမြို့ မြန်မာ ကောင်စစ်ဝန်ချုပ်တို့က လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြပြီး မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ နိုင်ငံရေးဆိုင်ရာ သံမှူးကြီး Mr. Jia Junjie နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

(၉)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၉)ကြိမ်မြောက် ကူမင်း ပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံအပါအဝင် တရုတ်၊ တောင်အာရှ၊ အရှေ့တောင်အာရှနှင့် ကမ္ဘာ့နိုင်ငံ ၅၃ နိုင်ငံမှ ကုန်သည်လုပ်ငန်းရှင်များက ၎င်းတို့၏ ထုတ်ကုန်များကို ပြခန်းဆောင် ၁၃ ခု၌ ပြခန်းပေါင်း ၄၈၀၀ ခင်းကျင်းပြသထားကြောင်း သိရသည်။

**သတင်းစဉ်**



**✪ ရေှ့ဖုံးမှ**

ထို့ပြင် ကြိုတင်မှာယူထားသည့်အစီအစဉ်အတိုင်း ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများလည်း အဆက်မပြတ်ဝင်ရောက်လျက်ရှိပြီး အရန်ဆီများလည်း နှစ်ပတ်စာခန့်ရှိနေ၍ ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့အထိမ်းအမှတ် ယောဂသရုပ်ပြ စုပေါင်းလေ့ကျင့်ခြင်း အခမ်းအနားကျင်းပ



နေပြည်တော် ဇွန် ၂၀

(၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့ အထိမ်းအမှတ် ယောဂသရုပ်ပြ စုပေါင်းလေ့ကျင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဥယျာဉ်တော်အတွင်း ရေပန်းရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ယောဂလေ့ကျင့်ခန်းကို စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ဦးစွာ အိန္ဒိယနိုင်ငံ ဆက်ဆံရေးရုံး၊ ဆက်ဆံရေးအရာရှိနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr.Shri Abhay Thakur တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ (၁၀)ကြိမ်မြောက် ယောဂနေ့ လေ့ကျင့်ခန်းပြုလုပ်ခြင်းအစီအစဉ်ကို မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ရေပန်းရေပြင်၌ ကျင်းပဆောင်ရွက်နိုင်ခဲ့ပြီး ယနေ့သည် (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့ အထိမ်းအမှတ် ယောဂလေ့ကျင့်ခန်းကို ဒုတိယအကြိမ်အဖြစ် ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယနေ့ဆိုလျှင် အပြည်ပြည်ဆိုင်ရာယောဂနေ့ အထိမ်းအမှတ် ယောဂလေ့ကျင့်ခန်းကို ဘုရားကြီး၏အေးချမ်းသော မေတ္တာရိပ်အရိပ်အာဝါသအောက်တွင် ပြီးပြည့်စုံစွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

ယောဂ၏ ဆောင်ပုဒ်ဖြစ်သည့် “Yoga for Harmony & Peace” အဆိုအရ ကျန်းမာရေးညီညွတ်မျှတခြင်း၊ တည်ငြိမ်အေးချမ်းမှုရရှိခြင်းဟုဆိုရမည်ဖြစ်ကြောင်း၊ ယောဂလေ့ကျင့်ခန်းသည် သေချာလေ့ကျင့်ပါက အသက်အရွယ်မရွေး ကျန်းမာရေးနှင့် ညီညွတ်သည့် နိုင်ငံတကာအသိအမှတ်ပြုသည့် လေ့ကျင့်ခန်းဖြစ်ကြောင်း၊ ပုံမှန်အလေးထားလိုက်နာဆောင်ရွက်မည်ဆိုပါက အသက်ရှည်ကျန်းမာစိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရရှိနေနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ယောဂသမိုင်းနှင့်ပတ်သက်သည့် မှတ်တမ်းဗီဒီယိုကိုပြသပြီး မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်၌ အိန္ဒိယနိုင်ငံသံရုံးမှ အိန္ဒိယယဉ်ကျေးမှုယောဂနည်းပြ ဆရာမနှင့် တက်ရောက်လာကြသူများက ယောဂသရုပ်ပြ စုပေါင်းလေ့ကျင့်ခြင်းကို ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောနှင့် အိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့က အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး အိန္ဒိယနိုင်ငံ သံအမတ်ကြီးက ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ပန်း၊ ရေချမ်းကပ်လှူပူဇော်ကြကာ (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အထိမ်းအမှတ်နှင့် ယောဂသရုပ်ပြ စုပေါင်းလေ့ကျင့်ခြင်းအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း သတ်မှတ်နေရာ၌ ကံ့ကော်ပင်ကို အတူတကွ စိုက်ပျိုးကြသည်။

**သတင်းစဉ်**

# ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇွန် ၂၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျွမ်းကျင်သူပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများ တက်ရောက်ကြသည်။

## ပံ့ပိုးကူညီဆောင်ရွက်

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒရှင်ပြည်သူများ မဲပေးရာတွင် မှန်ကန်လွယ်ကူစေရန်နှင့် မဲမသမာမှုများမဖြစ်ပွားစေရန် လာမည့်ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲပေးစက်များ အသုံးပြုမဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲအတွက်လိုအပ်သည့် မဲပေးစက်များ ထုတ်လုပ်လျက်ရှိပြီး ရရှိလာသည့် မဲပေးစက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ထိန်းသိမ်းခြင်းနှင့် ပျက်စီးမှုမရှိစေရေး စနစ်တကျသိမ်းဆည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပသွားမည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့နယ်တစ်ခုနှင့် တစ်ခုအကြား သတ်မှတ်ကာလအတွင်း မဲပေးစက်များ လုံခြုံစွာစနစ်တကျရွှေ့ပြောင်းပေးနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နည်းလမ်းများ ဝိုင်းဝန်းဆွေးနွေးပေးကြရန်နှင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပံ့ပိုးကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဒုတိယဥက္ကဋ္ဌက ရွေးကောက်ပွဲတွင် မဲပေးစက်များ ကိုင်တွယ်အသုံးပြုမည့် မဲရုံဝန်ထမ်းများ ဆင့်ပွားသင်တန်းပေးမည့် အစီအစဉ်များနှင့် MEVM စက်များ မြို့နယ်များသို့ ရွှေ့ပြောင်းရာတွင် ကြိုတင်စီမံထားရန် လိုအပ်သည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများနှင့် ကျွမ်းကျင်သူပညာရှင်များက မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း သင်တန်းများပို့ချရေး၊ မဲပေးစက်များကို ရွေးကောက်ပွဲအပိုင်းအလိုက် ရွှေ့ပြောင်းရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် MEVM ဆိုင်ရာတာဝန်ခံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က MEVM စက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မုဒုံမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ဥပဒေအသိပညာပေး ဟောပြောပွဲပြုလုပ်



မုဒုံ ဇွန် ၂၀

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ဥပဒေအသိပညာပေး ဟောပြောပွဲကို ယမန်နေ့က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

## ရှင်းလင်းပြောကြား

ဟောပြောပွဲတွင် မုဒုံမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မိုးမိုးစန္ဒာထွန်းက ကျောင်းသားကျောင်းသူများ အသိပညာဗဟုသုတပြည့်စုံစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျောင်းစာအပြင် ပြင်ပစာပေများကို ဖတ်ရှုလေ့လာကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဒေါ်ဝင်းသျှန်နီအေးက ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေမှ ကလေးသူငယ်များရရှိနိုင်မည့် အခွင့်အရေးနှင့် လိုက်နာရမည့်တာဝန် ဝတ္တရားများ၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ဥပဒေပြဋ္ဌာန်းချက်များ အကြောင်းအရာများကို လည်းကောင်း၊ အမှတ်(၉) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(မော်လမြိုင်)မှ ရဲအုပ် အောင်ကျော်ထူးက လူကုန်ကူးမှုဆိုင်ရာ အကြောင်းအရာများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက အသိပညာပေး နံရံကပ်ပိုစတာများနှင့် စာအုပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှု မှတ်သားခဲ့ကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၂၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန်အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

သတင်းစဉ်

# အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပသော (၂၁)ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး (AMMSTI-21) သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် ဇွန် ၂၀**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၂၁)ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး (ASEAN Ministerial Meeting of Science, Technology and Innovation-21, AMMSTI)သို့ တက်ရောက်ရန် ဇွန် ၁၈ ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့သို့ ရောက်ရှိခဲ့သည်။

ဇွန်၁၉ရက်ညနေပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် ASEAN ဒေသတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးများကို ကြိုဆိုဂုဏ်ပြုသည့် ညစာစားပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ တက်ရောက်ခဲ့သည်။

ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် (၂၁) ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး (AMMSTI-21)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။




မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၂၁)ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး (AMMSTI-21)သို့ တက်ရောက်ပြီး အာဆီယံဒေသတွင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် စီမံကိန်းပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးအတည်ပြုခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက "Empowering ASEAN's Science, Technology and Innovation Ecosystem: National Commitments for Reginal Impact through APASTI 2026-2035" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာကိုယ်စားလှယ်များဖြစ်ကြသည့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးကျော်နိုင်ဦးနှင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဖြူဖြူဝင်းတို့သည် (၈၇)ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ကြပြီးသက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်အတွင်းရှိ စိုက်ပျိုးရေးသမဝါယမအသင်းများအတွက် အထွက်တိုးစပါးမျိုးနှင့် သွင်းအားစုများ ပေးအပ်

**နေပြည်တော် ဇွန် ၂၀**

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြမြို့နယ်၊ ဝါးခယ်မမြို့နယ်နှင့် အိမ်မဲမြို့နယ် အတွင်းရှိ စိုက်ပျိုးရေး သမဝါယမအသင်း ၁၄ သင်းနှင့် လပွတ္တာမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးသမဝါယမအသင်း ရှစ်သင်းတို့အတွက် ငွေကျပ်သန်းပေါင်း ၁၅၁၈ သန်း တန်ဖိုးရှိ အထွက်တိုး စပါးမျိုးများ၊ သွင်းအားစုများ၊ မျိုးစေ့ချကိရိယာများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လပွတ္တာမြို့ ရွှေနဒီခန်းမ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ သမဝါယမအသင်းသား တောင်သူများ တက်ရောက်ကြသည်။




**ရှင်းလင်းတင်ပြ**

ဦးစွာ သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူးက မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်အတွင်း မိုးစပါးစိုက်ပျိုးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေပြည်သူမိသားစုဝင်ငွေတိုးရေး စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးက အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အထွက်တိုးမျိုးစပါးများဖြစ်သော GW-11 ဆာဖိုးသာ၊ နယူးဧရာ၊ အောင်နိုင်တိုး မျိုးများ၊ သွင်းအားစုများ၊ မျိုးစေ့ချကိရိယာ (Drum Seeder) များပေးအပ်ကြရာ မြို့နယ်အလိုက် အသင်းအမှုဆောင်များက လက်ခံရယူကြပြီး အသင်းသားတောင်သူများ၏ဒေသဖွံ့ဖြိုးရေး တင်ပြချက်များအပေါ် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ ပန်းတနော်မြို့နယ် ကျုံပတောကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သော ပေ ၁၈၀ ကျုံပတောချောင်းကူးတံတား၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်မည့် သိမ်ကုန်း-ချောင်းကလေးလမ်းနှင့် ဝါးခယ်မမြို့နယ် ကြခတ်ကုန်းကျေးရွာ၌ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာအဝင် သံကူကွန်ကရစ်တံတား တည်ဆောက်နေမှု တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် မရမ်းချောင်ကျေးရွာ၌ တိုးပွားအောင်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသားတောင်သူ ဒေါ်ဌေးဝင်း၏ လယ်မြေ ငါးဧကတွင် စိုက်ပျိုးရေးဦးစီးဌာနက ထုတ်လုပ်ထားသော အစေ့ချကိရိယာဖြင့် အောင်နိုင်တိုး အထွက်တိုးမျိုးစပါး မျိုးစေ့ချနေမှုကို ကြည့်ရှုအားပေးပြီး သဲကုန်း၊ ကြံခတ်ကုန်း၊ သံကွင်း ကျေးရွာအုပ်စုများမှ သမဝါယမအသင်းသား တောင်သူများအတွက် အောင်နိုင်တိုး အထွက်တိုးမျိုးစပါးများ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပုသိမ်မြို့ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း၌ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး သုံးထပ်သင်တန်းသားအိပ်ဆောင်သစ် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

ကြေးမုံ


# ပြန်ပေးအဆွဲခံထားရတဲ့ကမ္ဘာ

**နိုင်ငံတကာရေးရာ သုတေသီတစ်ဦး**

ဒီနေ့ကမ္ဘာကြီးက ဘာနဲ့တူနေသလဲဆိုတော့ ပြန်ပေးအဆွဲခံထားရတာနဲ့တူနေတယ်။ စီးပွားရေးပဲဖြစ်ဖြစ်၊ လူမှုရေးပဲဖြစ်ဖြစ်၊ နိုင်ငံရေးပဲဖြစ်ဖြစ် တူရာစုကြတာပဲ။ သာတဲ့ဘက်က၊ နိုင်တဲ့ဘက်က လုပ်ချင်တာလုပ်တာပဲ။ အဆိုးမြင်တာမဟုတ်ဘူး။ ကမ္ဘာကြီးက ပျက်စီးသွားပြီ။ အင်အားရှိသူသာ နိုင်စတမ်းပဲ။ ရုပ်ပိုင်းဆိုင်ရာတွေသာ တိုးတက်ဖွံ့ဖြိုးလာတယ်။ စိတ်ပိုင်းဆိုင်ရာက ယိုယွင်းသွားပြီ။ ပညာထက် အင်အားက ရှေ့ရောက်ခဲ့ပြီ။

**ကမ္ဘာကြီးက ယဉ်ကျေးမလာပါဘူး**

ဒုတိယကမ္ဘာစစ်ပြီးကတည်းက ကမ္ဘာကြီးဟာ ငြိမ်းချမ်းရေးတို့၊ ဖွံ့ဖြိုးရေးတို့ဆိုတာတွေမှာ အကြီးအကျယ်မြှုပ်နှံခဲ့တယ်။ ကမ္ဘာအနှံ့က တက္ကသိုလ်ကြီးတွေက ပညာရှင်ပေါင်းများစွာ မွေးထုတ်ခဲ့တယ်။ သုတေသနဌာနတွေက စာတမ်းပေါင်းများစွာ ရေးခဲ့တယ်။ အဖွဲ့အစည်းပေါင်းများစွာက ဖောင်ဒေးရှင်းတွေ ထောင်ကြတယ်။ ငြိမ်းချမ်းရေးအတွက် ဆုတံဆိပ်ပေါင်းများစွာ ပေးကြတယ်။ နိုင်ငံတကာအဖွဲ့အစည်းများစွာ ပေါ်ထွက်လာတယ်။ ပြည်တွင်းက အင်န်ဂျီအိုလိုအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်အလုပ်လုပ်ကြတယ်။ ဒါပေမဲ့ ကမ္ဘာကြီးက ကြာလေ ပိုလို့သာ မငြိမ်းမချမ်းဖြစ်လာတယ်။ Good Governance တို့၊ Gender တို့၊ Peace တို့၊ Development တို့ဆိုတဲ့ ပရောဂျက်တွေက အကောင်အထည်ဖော်လို့ကို မပြီးနိုင်ဘူး။ ဘတ်ဂျက်တွေသာ အဆက်မပြတ် တောင်းခံနေတယ်။ ကမ္ဘာကြီးက ယဉ်ကျေးမလာပါဘူး။

ဒုတိယကမ္ဘာစစ်အပြီးမှာ အမေရိကန် – ဆိုဗီယက် စစ်အေးတိုက်ပွဲကြောင့် စိတ်သွားတိုင်းကိုယ်မပါနိုင်ခဲ့ဘူးလို့ အကြောင်းပြမယ်ဆိုရင် စစ်အေးတိုက်ပွဲအလွန် အမေရိကန်နဲ့ အနောက်မဟာမိတ်တွေ ထင်တိုင်းကြဲနိုင်တဲ့အခြေအနေမှာလည်း ကမ္ဘာကြီးက ငြိမ်းချမ်းမလာခဲ့ပါဘူး။ အခု ၂၀၂၅ ခုနှစ် အမေရိကန်နိုင်ငံမှာ အမျိုးသားရေးသမ္မတ ဒေါ်နယ်ထရမ့် တစ်ကျော့ပြန် ဒုတိယအကြိမ်အာဏာရလာခဲ့ပြီး Make America Great Again အားသွန်နေချိန်မှာ တစ်ဖက်မှာလည်း တရုတ်နဲ့ ရုရှားနိုင်ငံတွေက သူတို့သမိုင်းတစ်လျှောက် အင်အားအကောင်းဆုံးအခြေအနေမှာ ရှိနေပါတယ်။

ပြန်ပေးဆွဲတယ်ဆိုတဲ့ကိစ္စဆီ ပြန်လှည့်ရအောင်။ အဲဒီစကားလုံးက နည်းနည်းကြီးတယ်။ အာဏာရှင်နိုင်ငံတွေကို အဲဒီအသုံးအနှုန်းသုံးရင်




အကြောင်းမဟုတ်ဘူး။ ဒီမိုကရေစီနိုင်ငံတွေကို သုံးရင် အဲဒါ နည်းနည်းပြဿနာရှိတယ်။

အခု ဆောင်းပါးခေါင်းစဉ်က 'ပြန်ပေးအဆွဲခံထားရတဲ့ ကမ္ဘာ' ဆိုတော့ တစ်ကမ္ဘာလုံးနဲ့ သက်ဆိုင်နေတယ်။ ဆိုတော့ ဆောင်းပါးမှာ လွတ်လပ်တဲ့ လစ်ဘရယ်ကမ္ဘာဘက်ခြမ်းမှာ သဘောထားကွဲလွဲနေတာတွေကို အဓိက မီးမောင်းထိုး ရေးသားသွားမယ်။ ဒီဆောင်းပါးက အနောက်ဆန့်ကျင်တဲ့ ဆောင်းပါးမဟုတ်ဘူး။ သို့သော် အမှန်ဖြစ်ပျက်နေတာတွေကို အရှိကိုအရှိအတိုင်း ရေးသားတင်ပြသွားပါမယ်။

**လက်ဝဲနဲ့လက်ယာဆိုပြီး နှစ်ပိုင်းကွဲ**

အခုဆို သိတဲ့အတိုင်းပဲ အနောက်နိုင်ငံတွေရဲ့ နိုင်ငံရေးမှာ လက်ဝဲနဲ့လက်ယာဆိုပြီး နှစ်ပိုင်းကွဲတယ်။ အနောက်နိုင်ငံဆိုတာ အမေရိကန်တို့၊ ဥရောပတို့ စတဲ့ ဒီမိုကရေစီနိုင်ငံတွေပေါ့။ လက်ဝဲဆိုတာ သဘာဝပတ်ဝန်းကျင်တို့၊ ကျား၊ မသာတူညီမျှမှုတို့၊ လိင်တူချစ်သူများတို့ စသဖြင့် လူ့အခွင့်အရေးကိစ္စတွေ အလေးပေးတယ်။ လက်ယာကျတော့ လူ့အခွင့်အရေးတွေကို မပစ်ပယ်ပေမယ့် အမျိုးသားရေးကို ဦးစားပေးတယ်။ တစ်ဖက်နဲ့တစ်ဖက်က ဆန့်ကျင်ဘက်တွေပေါ့။ နှစ်ဖက်စလုံး ဒီအမေရိကန်ပညာရေး၊ ဒီဥရောပပညာရေးက မွေးထုတ်ပေးလိုက်တဲ့ နိုင်ငံသားအချင်းချင်း ဖြစ်လေတော့ မြွေမြွေချင်း ခြေမြင်ကြတယ်။ နည်းနည်းလေးမှ အကြောမခံဘူး။

တစ်ဖက်က ရွေးကောက်ပွဲနိုင်ရင် သူ့အရင်တစ်ဖက်က လုပ်ခဲ့တာကို ဖျက်ပစ်တယ်။ အသစ်က ပြန်စတယ်။ အပြန်အလှန်ပဲ။ သိပ်ကြာတော့ ဘက်နှစ်ဖက်စလုံးက အစွန်းတွေရောက်လာတယ်။ လက်ဝဲဆိုလည်း လက်ဝဲစွန်း၊ လက်ယာဆိုလည်း လက်ယာစွန်း အဲဒီလိုမျိုးတွေဖြစ်လာတယ်။ လက်ဝဲဘက်ကလည်း လက်ယာသမားတွေကို ဖက်ဆစ်လို့ ရင့်ရင့်သီးသီး သုံးနှုန်းသလို လက်ယာဘက်ကလည်း လက်ဝဲတွေကို ဆိုရှယ်လစ်တွေ၊ ကွန်မြူနစ်တွေလို့ တံဆိပ်ကပ်တယ်။ အဲဒီလိုအခြေအနေတွေက ဟိုး စစ်အေးတိုက်ပွဲကာလမှာကတည်းက ရှိခဲ့ပေမယ့် ဒီနေ့ကာလမှာ သိပ်ကိုသိသာထင်ရှားလာတယ်။ နိုင်တဲ့ဘက်က ရသလောက်လုပ်တာပဲ။ သူ့လူသူကြည့်တယ်။ သူ့လူမဟုတ်ရင် ပထုတ်တယ်။ ပထုတ်တာထက်ကျော်ပြီး အပြစ်ရှာ ထောင်ချတယ်။ လိုချင်တာကို ဖိအားအမျိုးမျိုးပေးပြီး လှည့်ပတ်လုပ်တာပဲ။ ငါတို့ဘက်ပါမလား။ ငါတို့ဘက်ရပ်မလား။ ကိုယ်ထိလက်ရောက် မဟုတ်သည့်တိုင် တစ်နည်းပြန်ပေးဆွဲတာပဲပေါ့။ အနည်းဆုံး တစ်ဖက်ဆန့်ကျင်သူတွေရဲ့အမြင်မှာ ဒါဟာ ပြန်ပေးဆွဲတာပဲ။

ထရမ့် ပထမအကြိမ် (၂၀၁၆–၂၀၂၀) အာဏာရခဲ့တုန်းက ထရမ့်က သမ္မတအာဏာအသုံးပြုပြီး သူလုပ်ချင်တာတွေလုပ်တော့ ထရမ့်ကို ဆန့်ကျင်သူတွေက အမေရိကန်နိုင်ငံရေးဟာ ပြန်ပေးအဆွဲခံထားရသလိုပဲလို့ပြောကြတယ်။ ထရမ့်ရွေးကောက်ပွဲရှုံးပြီး အာဏာလက်လွှတ်သွားတဲ့နောက်ပိုင်း ထရမ့်ကို တရားစွဲဆိုဖို့ကိစ္စတွေဖြစ်လာတယ်။ ထရမ့်ကို ထောက်ခံသူတွေက လက်မခံဘဲ အပြစ်မရှိ အပြစ်ရှာတယ်၊ ဥပဒေကို လုပ်ချင်သလိုလုပ်တယ်၊ အမေရိကန်ဟာ ပြန်ပေးအဆွဲခံထားရတယ်ဆိုတဲ့ သဘော ပြောကြပြန်တယ်။

**လစ်ဘရယ်တွေ**
**ကိုယ့်ရှူးကိုယ်ပြန်ပတ်တယ်လို့မြင်**

ပြောကြစတမ်းဆို လစ်ဘရယ်တွေ ကိုယ့်ရှူးကိုယ်ပြန်ပတ်တယ်လို့ မြင်တယ်။ အမေရိကန်တို့၊ ဥရောပ (အများစု) တို့ အားလုံးက လစ်ဘရယ်တွေပဲ။ ဒီမိုကရေစီ၊ လူ့အခွင့်အရေးဦးစားပေးတဲ့ နိုင်ငံတွေပဲ။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း အထူးသဖြင့် စစ်အေးတိုက်ပွဲနှောင်းပိုင်းမှာ လစ်ဘရယ်တွေဟာ နှစ်ပေါင်းများစွာ ကမ္ဘာကြီးကိုလွှမ်းမိုးခဲ့တယ်။ အနောက်ကမ္ဘာက အစိုးရအဖွဲ့တွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ မီဒီယာတွေအကုန် လစ်ဘရယ်တွေပဲ။ လစ်ဘရယ်မဟုတ်ရင် မရှင်သန်နိုင်ဘူး။ အနောက်ကမ္ဘာဆိုပေမယ့် သူတို့ဟာ ကမ္ဘာအနှံ့လွှမ်းခြုံတယ်။ အချိန်တွေက သိပ်ကြာလာပေမယ့် တစ်ကမ္ဘာလုံးက လစ်ဘရယ်ဖြစ်မလာဘူး။ တစ်ဖက်မှာ လစ်ဘရယ်မဟုတ်တဲ့ ရုရှားတို့၊ တရုတ်တို့လို နိုင်ငံတွေ စုရုံးကြီးထွားလာတယ်။ နောက်ဆုံး လစ်ဘရယ်ထဲမှာတင် သဘောကွဲလွဲလာတယ်။

ခုနပြောတဲ့ လက်ဝဲ၊ လက်ယာဆိုတာ အဲဒီရလဒ်တွေပဲ။ နဂိုကတည်းက လစ်ဘရယ်နိုင်ငံတွေမှာ လက်ဝဲ၊ လက်ယာဆိုတဲ့ နိုင်ငံရေးအက်ကြောင်းက ရှိနှင့်ပြီးဖြစ်တယ်။ ဒီနေ့ကာလမှာ သိပ်ထင်ရှားလာပြီး အစွန်းဘက်တွေက ပိုအားကောင်းလာတယ်လို့ ဆိုလိုရင်းဖြစ်တယ်။ လစ်ဘရယ်တွေရဲ့ အားနည်းချက်က မပြင်ဆင်တာပဲ။ သူတို့လုပ်ငန်းစဉ်နဲ့ သူတို့ ဘယ်သူ့မှဂရုမစိုက်ဘူး။ လူ့အခွင့်အရေးမှ လူ့အခွင့်အရေးပဲ။ ပြင်ဆင်ဖို့စိတ်ကူးမရှိဘူး။ အခုဆို သူ့ထောင်ချောက်နဲ့သူ ပိတ်မိနေတယ်။

လစ်ဘရယ်အာဂျင်ဒါ၊ လစ်ဘရယ်တန်ဖိုး၊ လစ်ဘရယ်လုပ်ငန်းစဉ်ဆိုတာ လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ လိင်တူချစ်သူများအခွင့်အရေး၊ ရွှေ့ပြောင်းခိုလှုံသူများအခွင့်အရေး၊ သဘာဝပတ်ဝန်းကျင် စသဖြင့် အများအကြိုက်တွေပေါ့။ ကမ္ဘာအနှံ့ ပရောဂျက်တွေ အမျိုးမျိုးဖော်ဆောင်ကြတာပေါ့။ ကမ္ဘာကြီးက ယဉ်ကျေးငြိမ်းချမ်းလာသလားဆိုတော့ ဒီနေ့မြင်တဲ့အတိုင်းပဲလေ။ ဘာမှဖြစ်မလာဘူး၊ ပြောရင်တော့ အဆိုးမြင်ရာရောက်တာပေါ့ဗျာ။ ထိရောက်သင့်သလောက် မထိရောက်ဘူးပေါ့။ မထိရောက်တဲ့အပြင် အချို့နေရာတွေမှာ နောက်ပြန်ဆွဲသွားတယ်။ လက်တွေ့ပဲကြည့်ပါ။ သူတို့ အဲဒီလူ့အခွင့်အရေးတွေ ဖော်ဆောင်နေတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ မပြောလိုဘူး။ သူတို့ မူရင်းဖြစ်တဲ့ အမေရိကန်လိုနိုင်ငံမှာတောင် လစ်ဘရယ်တန်ဖိုးတွေကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ဝေဖန်တဲ့ထရမ့်လိုအမျိုးသားရေးလက်ယာသမားတွေ ရွေးကောက်ပွဲနိုင် အာဏာရလာတယ် မဟုတ်လား။

လစ်ဘရယ်တွေဟာ ငါတို့ဘက်မှာ နိုင်ငံတကာအဖွဲ့အစည်းတွေရှိတယ်၊ မီဒီယာတွေရှိတယ်၊ ဒီမိုကရက်တစ် နိုင်ငံရေးသမားတွေရှိတယ်ဆိုပြီး မာန်တက်တာပေါ့။ အစိုးရတွေအထက်မှာ ရှိချင်လာတယ်။ လစ်ဘရယ်ပြီးရင်း လစ်ဘရယ်တာပဲ။ ပြန်ပြီး ဆန်းစစ်ဝေဖန်တာတွေမလုပ်ဘူး။ ငါတို့သာ အမှန်ဆိုတဲ့ အထိုင်က သူများကိုကြည့်တယ်။ ပြန်လည်ပြင်ဆင်ဖို့ ခက်ခဲသွားတယ်။ နောက်ဆုံး လစ်ဘရယ် ထောင်ချောက်ထဲကျတော့တာပဲ။ ပြန်ထွက်မရတော့ဘဲ နောက်ဆုံး ၂၀၂၄ အမေရိကန်ရွေးကောက်ပွဲမှာ လစ်ဘရယ်တွေ ထွက်တော်မူနန်းကခွာရပါတော့တယ်။

ထရမ့်တို့အမြင်က လစ်ဘရယ်တွေဟာ အမေရိကန်တို့၊ ဥရောပတို့နိုင်ငံရေးကို ပြန်ပေးဆွဲထားတယ်လို့မြင်တယ်။ ဒါကြောင့် ထရမ့်က လစ်ဘရယ် အသိုက်အဝန်းထဲမှာတင် သူပုန်ထတာပေါ့။ သူလည်း လစ်ဘရယ်ပညာရေးနဲ့ လစ်ဘရယ်ဒီမိုကရေစီဝန်းကျင်မှာ ကြီးပြင်းခဲ့တဲ့သူပဲလေ။ ၂၀၂၀ ခုနှစ်တုန်းကဆိုရင် ရွေးကောက်ပွဲအပြီးမှာ မဲရလဒ်ကို မကျေနပ်လို့ ထရမ့်လူတွေက အမေရိကန်လွှတ်တော်ကိုဝင်စီးတယ်။ အမေရိကန်မီဒီယာတွေမှာ ပုန်ကန်မှု၊ ဆူပူအုံကြွမှုလို့ သုံးတယ်။ သူပုန်ထတယ်ပေါ့။ အခုဘာပြောကြမလဲ။ သူပုန်ဆိုတဲ့သူက နောက်တစ်ကြိမ်ရွေးကောက်ပွဲအောင်ပြန်ပြီလေ။ အခု ၂၀၂၅ ခုနှစ်မှာ ထရမ့်ကြီး အိမ်ဖြူတော်မှာ နောက်တစ်ကြိမ်ရုံးထိုင်ပြီ။ ထရမ့်လက်ထဲ အာဏာရောက်ပြီဆိုတော့ ထရမ့်ဆန့်ကျင်သူတွေက အမေရိကန်တော့ ပြန်ပေးအဆွဲခံရပြီတဲ့။ လေးနှစ်တစ်ကြိမ် အပြန်အလှန် ပြန်ပေးဆွဲနေကြတယ်ပေါ့။

စာမျက်နှာ ၇ သို့ ★

❛လက်ဝဲဘက်ကလည်း လက်ယာသမားတွေကို ဖက်ဆစ်လို့ ရင့်ရင့်သီးသီး သုံးနှုန်းသလို လက်ယာဘက်ကလည်း လက်ဝဲတွေကို ဆိုရှယ်လစ်တွေ၊ ကွန်မြူနစ်တွေလို့ တံဆိပ်ကပ်တယ်။ အဲဒီလိုအခြေအနေတွေက ဟိုး စစ်အေးတိုက်ပွဲကာလမှာကတည်းက ရှိခဲ့ပေမယ့် ဒီနေ့ကာလမှာ သိပ်ကိုသိသာထင်ရှားလာတယ်။ နိုင်တဲ့ဘက်က ရသလောက်လုပ်တာပဲ။ သူ့လူသူကြည့်တယ်။ သူ့လူမဟုတ်ရင် ပထုတ်တယ်။ ပထုတ်တာထက်ကျော်ပြီး အပြစ်ရှာ ထောင်ချတယ်။ လိုချင်တာကို ဖိအားအမျိုးမျိုးပေးပြီး လှည့်ပတ်လုပ်တာပဲ။ ငါတို့ဘက် ပါမလား။ ငါတို့ဘက်ရပ်မလား။ ကိုယ်ထိလက်ရောက် မဟုတ်သည့်တိုင် တစ်နည်း ပြန်ပေးဆွဲတာပဲပေါ့။ အနည်းဆုံး တစ်ဖက်ဆန့်ကျင်သူတွေရဲ့ အမြင်မှာ ဒါဟာ ပြန်ပေးဆွဲတာပဲ❜

★ စာမျက်နှာ ၆ မှ

### လစ်ဘရယ်တန်ဖိုးမှာ ဂျန်ဒါဆိုတဲ့ ကျား၊ မ သာတူညီမျှမှုက အရေးကြီး

ကြုံတုန်း ဂျန်ဒါ (Gender) ကိစ္စ ရေးချင်တယ်။ လစ်ဘရယ်တန်ဖိုးမှာ ဂျန်ဒါဆိုတဲ့ ကျား၊ မ သာတူညီမျှမှုက အရေးကြီးတယ်။ လစ်ဘရယ်တွေက ထရမ့်ဟာ မိန်းမတွေကို မလေးစားဘူးလို့မြင်တယ်။ ထရမ့်ကို ဆန့်ကျင်သူတွေထဲမှာ အမျိုးသမီးတွေ အများဆုံးပဲလို့ မီဒီယာတွေမှာဖော်ပြတယ်။ အခု ထရမ့်နိုင်ပြီဆိုတော့ အမျိုးသမီးအတော်များများ မကျေမနပ်ဖြစ်ကြတာပေါ့။ ထရမ့်တို့လို အမျိုးသား ရေးသမားတွေက အမျိုးသမီးအခွင့်အရေးတို့၊ LGBT အခွင့်အရေးတို့ သိပ်ဦးစားပေးခြင်းဟာ နိုင်ငံတော်ကို အားနည်းချည့်နဲ့စေတယ်လို့မြင်တယ်။ ထုတ်သာ မပြောတာဖြစ်တယ်။

တစ်နည်းပြောရရင် လစ်ဘရယ်တွေဟာ အမျိုးသမီးအခွင့်အရေး၊ LGBT အခွင့်အရေးတွေကတစ်ဆင့် အကာအကွယ်ယူပြီး နိုင်ငံရေးကို ပြန်ပေးဆွဲထားတယ်လို့ မြင်တယ်။ အမျိုးသမီးထုနဲ့ လှည့်တိုက်ပေးတယ်လို့မြင်တယ်။ ဘယ်သူက အမျိုးသမီးတွေနဲ့ ရန်ဖြစ်ချင်မှာလဲ။ ယောကျ်ားနဲ့ မိန်းမ လူရှေ့သူရှေ့စကားများရင် ယောကျ်ားဘက်က အရှုံးပဲလေ။ ဒါကြောင့် ထရမ့်က ၂၀၂၄ ရွေးကောက်ပွဲမှာ သူ့ပြိုင်ဘက် ဒီမိုကရက်တစ် အမျိုးသမီးသမ္မတလောင်း ကာမလာနဲ့ မဖြစ်မနေ လုပ်ရတဲ့ စကားစစ်ထိုးပွဲ တစ်ကြိမ်ပဲဝင်တယ်။ နောက်တစ်ကြိမ်ထပ်လုပ်ဖို့ ကာမလာက ကမ်းလှမ်းတော့ ထရမ့်က မတုံ့ပြန်ဘူး။

အဲဒီတုန်းက ထရမ့် မလိုလားသူတွေက ထရမ့်ကို ဝိုင်းဝန်းလှောင်ပြောင်ခဲ့ကြတယ်။ ထရမ့် ကြောက်သွားပြီပေါ့၊ ကာမလာကို မယှဉ်ရဲဘူးပေါ့၊ မိန်းမတစ်ယောက်ကိုတောင် မရင်ဆိုင်ရဲဘူးပေါ့ စသဖြင့် လှောင်ပြောင်ကြတယ်။ လစ်ဘရယ်ဆိုတာ ဒါပဲလေ။ လူအုပ်နဲ့ ဝိုင်းအနိုင်ကျင့်တဲ့နေရာမှာ လစ်ဘရယ်တွေက ရှေ့ဆုံးကပဲ။ တစ်နည်း ပြန်ပေးဆွဲနည်းတစ်မျိုးပဲ။

ဒါကြောင့်လည်း လက်တွေ့ကျတဲ့ အမေရိကန်လူထုက လစ်ဘရယ်တွေကို ရွေးကောက်ပွဲမှာ နှပ်ပစ်တာပေါ့။ အခုဆို SpaceX တို့၊ Tesla တို့ရဲ့ ပွဲကိုင်ရှင် အီလွန်မတ် (Elon Reeve Musk) တို့၊ Facebook (Meta) ပွဲကိုင်ရှင် ဇူကာဘက် (Mark Zuckerberg) တို့ကတောင် အလုပ်တွေမှာ အလုပ်ချိန် အပြည့်လုပ်ဖို့၊ အပျော်အပါးလျှော့ဖို့၊ လူလျှော့မယ်တို့၊ လုပ်ငန်းခွင်မှာ ကျားကျားလျားလျား လုပ်ရမယ်တို့ စသဖြင့် လစ်ဘရယ်တွေမကြိုက်တဲ့ ဖိုဝါဒဆန်ဆန် သဘောထားတွေ တင်ပြနေကြလို့ လစ်ဘရယ်အသိုက်အဝန်းမှာ မကျေမနပ်ဖြစ်နေကြပါတယ်။ သူတို့တစ်သက် ကြိုးစားခဲ့တဲ့ ဂျန်ဒါတွေ ဘေးချိတ်ခံထားရသလို ခံစားနေရတယ်ပေါ့။ အခုနောက်ဆုံး ပြောနေကြတာ အမေရိကန်နိုင်ငံရေးကို ထရမ့်နဲ့ သူ့အနားက ဘီလျံနာသူဌေး လူတစ်စုက ချုပ်ကိုင်နေကြပြီ၊ အမေရိကန်ကို လူတစ်စုက အုပ်ချုပ်နေပြီ၊ တစ်နည်း အမေရိကန်နိုင်ငံရေးကို လူတစ်စုက ပြန်ပေးဆွဲထားပါပြီတဲ့။

#### နိုင်ငံတကာစနစ်ကြီးကို ပြန်ပေးဆွဲထားတယ်လို့ရှုမြင်

အကျိုးအမြတ် မယူဘူးဆိုတဲ့ ကုလသမဂ္ဂတို့၊ နိုင်ငံတကာအဖွဲ့အစည်းတွေတောင် အချို့လေ့လာသူတွေရဲ့အမြင်မှာ ပြန်ပေးအဆွဲခံထားရတဲ့ သဘောသဘာဝနဲ့မကင်းပါဘူး။ ပညာတတ် လစ်ဘရယ်တွေက အခြေခံလူ့အခွင့်အရေး၊ လူသားချင်းစာနာမှု ဆိုတဲ့ စကားလုံးတွေသုံးပြီး နိုင်ငံတကာစနစ်ကြီးကို ပြန်ပေးဆွဲထားတယ်လို့ အချို့ နိုင်ငံရေးသမားတွေက ရှုမြင်ပါတယ်။ ပွင့်လင်းမြင်သာမှု အားနည်းတာ၊ ငွေတွေသာသုံးပြီး ကမ္ဘာကြီးက ပြဿနာတွေများလာတာ၊ အာဏာရှင်နိုင်ငံတွေက နေရာပိုရလာတာတွေကို ထောက်ပြကြပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေဟာ ခေတ်စနစ်တွေ၊ အရေးအခင်းတွေကို မလွှမ်းနိုင်ဘဲ ခေတ်စနစ်တွေ၊ အရေးအခင်းတွေရဲ့ လွှမ်းတာကိုသာခံရင်း အလိုက်အထိုက်နေလာတာ နှစ်ပေါင်းများစွာကြာတော့ သူတို့အပေါ် အများပြည်သူရဲ့ ယုံကြည်မှုကလည်း ကျဆင်းလာပါတယ်။ သို့သော် နိုင်ငံတွေဟာ နိုင်ငံတကာဆက်ဆံရေး အသိုက်အဝန်းမှာ တည်ရှိပြီး နိုင်ငံတကာအဖွဲ့အစည်းတွေဟာ နိုင်ငံတကာဆက်ဆံရေးရဲ့ အရေးကြီးတဲ့အစိတ်အပိုင်းဖြစ်တာကြောင့် အားလုံးက အလိုက်အထိုက်ပဲနေကြပါတယ်။

နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ သဘောသဘာဝအရ လူ့အခွင့်အရေးအဖွဲ့တွေ၊ လူသားချင်းစာနာကူညီမှုအဖွဲ့တွေ၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ မီဒီယာတွေ ချိတ်ဆက်အလုပ်လုပ်ကြတာမို့ အနည်းနဲ့အများ လစ်ဘရယ်နိုင်ငံရေးသမားတွေနဲ့ နီးစပ်မှုရှိပါတယ်။ လစ်ဘရယ်အထိုင်ကပဲ အပြန်အလှန်ကူညီရိုင်းပင်းကြပါတယ်။ အခုလို ကမ္ဘာတစ်လွှား လစ်ဘရယ်တန်ဖိုးတွေ အတိုက်အခိုက်ခံလာရချိန်မှာ နိုင်ငံတကာအဖွဲ့အစည်းတွေလည်း အနေကျပ်ပါတယ်။ ကုလသမဂ္ဂဌာနချုပ်တည်ရှိတဲ့ အမေရိကန်နိုင်ငံမှာတောင် လစ်ဘရယ်ဆန့်ကျင်ရေး နိုင်ငံရေးသမားတွေ လွှမ်းမိုးလာနေတာမို့ အချို့က ဌာနချုပ်ကို အမေရိကန်ကနေ ရွှေ့ပြောင်းဖို့တောင် အကြံပြုကြပါတယ်။ ထရမ့်လိုလူတွေရဲ့အမြင်ကတော့ ယူအင်န်တို့၊ နိုင်ငံတကာအဖွဲ့အစည်းတို့ဆိုတာ အလုပ်မဖြစ်ဘဲ ပညာတတ်လစ်ဘရယ်တွေ ပြန်ပေးဆွဲထားတဲ့ နိုင်ငံတကာအစိတ်အပိုင်းတစ်ခုအနေနဲ့ရှုမြင်ပါတယ်။

#### ဖတ်တဲ့သူမှာ ဦးနှောက်ပြန်ပေးအဆွဲခံရ

နောက်ဆုံးဗျာ။ သတင်းမီဒီယာတွေတောင် သတင်းမီဒီယာကျင့်ဝတ်တွေ ဖောက်ဖျက်ပြီး သိသိသာသာ သူ့ဘက်၊ ကိုယ့်ဘက်လိုက်နေတဲ့ ခေတ်ကြီးဖြစ်ပါတယ်။ လိုရာဆွဲရေးကြတာပဲ။ အရောင်ဆိုးကြတာပါပဲ။ အတင်းပဲ လက်ခံခိုင်းတာပါပဲ။ အတင်းပဲ ထောက်ခံခိုင်းတာပါပဲ။ ဖတ်တဲ့သူအများစုကလည်း သတင်းဖတ်ရင် ကိုယ်ဖြစ်စေချင်တာ၊ ကိုယ်ထောက်ခံတာပဲ ဖတ်ချင်ကြတယ်။ သတင်းက ဘက်မလိုက်ဘဲ ရေးရင်လည်း မကြိုက်ကြဘူးပေါ့။ သတင်းအောက်မှာ ထောက်ခံသူလူအုပ်ကြီးက ညာသံပေးပြီး အသိပေးသလိုလို၊ ခြိမ်းခြောက်သလိုလိုနဲ့ လူမိုက်ဆန်ဆန် မှတ်ချက်တွေ အများကြီးပါပဲ။ အချို့သတင်းတွေက ဖတ်ရင်းနဲ့ ဖတ်တဲ့သူမှာ ဦးနှောက်ပြန်ပေးအဆွဲခံရသလို ခံစားရပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၄ အမေရိကန်သမ္မတ ရွေးကောက်ပွဲကိုပဲကြည့်ပါ။ အမေရိကန်မီဒီယာ ၈၀ ရာခိုင်နှုန်းကျော်က ထရမ့်ကို ဆန့်ကျင်ပါတယ်။ ရွေးကောက်ပွဲနီးတော့ အဓိကသတင်းမီဒီယာအတော်များများက သူတို့ ထရမ့်ကို ဆန့်ကျင်ကြောင်း တရားဝင်သတင်းဖော်ပြကြပါတယ်။ ထရမ့်ပြောသမျှ တစ်လုံးမကျန် လိုက်ကောက်ပြီး ဘယ်နေရာကတော့ မှားနေတယ်၊ ဘယ်နေရာမှာတော့ လိမ်ပြောတယ် စသဖြင့် အသေးစိတ် သတင်းဖော်ပြကြပါတယ်။ ထရမ့်ကို ကြောက်စရာကောင်းသူအဖြစ် ပုံဖော်ကြပါတယ်။ ရွေးကောက်ပွဲ မဲဆွယ်ပွဲတစ်ခုမှာ ထရမ့်က သူပြောမယ့် မိုက်ခွက်မကောင်းလို့ စိတ်တိုနေတာကို အကျယ်တဝင့်ဖော်ပြပြီး ထရမ့်ဟာ ရွေးကောက်ပွဲ နီးလာတော့ သူရှုံးမှာသိလို့ ကယောင်ချောက်ချားဖြစ်နေတယ်၊ စိတ်တိုတယ်ဆိုတာ စိတ်ပူပန်မှုရဲ့ လက္ခဏာဖြစ်တယ် စသဖြင့် မမှားလိုက်နဲ့၊ တွယ်တော့တာပါပဲ။

မဲဆွယ်ပွဲတစ်နေရာမှာလည်း လူမရှိတဲ့ ထိုင်ခုံတွေရိုက်ပြပြီး အခုဆို မဲဆန္ဒရှင်တွေက ထရမ့်ဘာကောင်မှန်းသိလို့ ကျောခိုင်းနေကြပြီ၊ သူ့ပွဲတွေ လူနည်းလာနေပြီဆိုပြီး ရေးပြန်တယ်။ ရေးတဲ့၊ ပြောတဲ့မီဒီယာတွေက ကမ္ဘာကျော်မီဒီယာကြီးတွေဆိုတော့ အဝေးကစာဖတ်သူတွေကတော့ ဟုတ်များနေသလားပေါ့။ ထရမ့် အခြေအနေမကောင်းဘူးပေါ့။ မဲရလဒ်လည်းထွက်လာရော ထရမ့်က မဲအပြတ်အသတ်နဲ့ နေရာအများစုမှာ အနိုင်ရခဲ့တာပါပဲ။ အခုဆို ထရမ့်ဘက်သားလုပ်ငန်းရှင်အချို့က နာမည်ကြီး မီဒီယာတွေကို လိုက်ဝယ်ပြီး ထိန်းချုပ်ဖို့ ကြိုးပမ်းနေကြပါတယ်။ နင်ပြီး ငါ့အလှည့်ပေါ့။ အပြန်အလှန် ပြန်ပေးဆွဲနေကြတဲ့သဘော ဖြစ်နေတယ်။

#### အင်အားကြီးသူ နိုင်စတမ်း

ဆိုတော့ကာ ကမ္ဘာကြီးမှာ ဒီကနေ့ ဖြစ်နေတာတွေက မရိုးသားဘူး။ နောက်ကွယ်မှာ ကိုယ်မမြင်နိုင်တဲ့ အကြောင်းအချက်တွေ အများကြီးရှိတယ်။ လက်ရှိ နိုင်ငံတကာအခြေအနေက အင်အားကြီးသူနိုင်စတမ်းပဲ။ ပညာနဲ့တင် အခြေခံလို့မရဘဲ အတွေ့အကြုံပါလိုလာတယ်။ သတင်းတွေဖတ်တဲ့အခါ ဘယ်သူ့ဘယ်သူမှ မုန်းဖို့မဟုတ်ဘဲ သတိနဲ့ ဖတ်ရှုသုံးသပ်တတ်ဖို့လိုတယ်။ စိတ်ကိုဖွင့်ထားပြီး ဖြန့်ကြက်လေ့လာနေကြပါ။ ဘာလုပ်လုပ် အသိပညာတိုးတက်ဖို့လိုတယ်။

မြန်မာလူငယ်တွေဟာ အလုပ်ပေါင်းစုံ၊ နေရာပေါင်းစုံ၊ နိုင်ငံပေါင်းစုံကို ရောက်ရှိကျင်လည်ကြမှာ ဖြစ်ပါတယ်။ တစ်ခုတည်းမှာ၊ တစ်နေရာတည်းမှာ ရပ်နေကြမှာမဟုတ်ဘူး။ လုံခြုံရေးသတိရှိကြပါ။ ဆင်ခြင်သုံးသပ်နိုင်စွမ်းကို မြှင့်တင်ပါ။ နိုင်ငံတကာဆက်ဆံရေး အသိရှိကြပါ။ လူရည်လည်ဖို့ လိုတယ်။ ခံစားချက်ကို ဦးစားမပေးပါနဲ့။ မဟုတ်ရင် ဘဝမှာ အကြိမ်ကြိမ် ပြန်ပေးအဆွဲခံရပါလိမ့်မယ်။ ။

> ❝ လစ်ဘရယ်အာဂျင်ဒါ၊ လစ်ဘရယ်တန်ဖိုး၊ လစ်ဘရယ်လုပ်ငန်းစဉ်ဆိုတာ လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ လိင်တူချစ်သူများအခွင့်အရေး၊ ရွှေ့ပြောင်းခိုလှုံသူများအခွင့်အရေး၊ သဘာဝပတ်ဝန်းကျင် စသဖြင့် အများအကြိုက်တွေပေါ့။ ကမ္ဘာအနှံ့ ပရောဂျက်တွေအမျိုးမျိုးဖော်ဆောင်ကြတာပေါ့။ ကမ္ဘာကြီးက ယဉ်ကျေးငြိမ်းချမ်းလာသလားဆိုတော့ ဒီနေ့မြင်တဲ့အတိုင်းပဲလေ။ ဘာမှဖြစ်မလာဘူး၊ ပြောရင်တော့ အဆိုးမြင်ရာရောက်တာပေါ့ဗျာ။ ထိရောက်သင့်သလောက် မထိရောက်ဘူးပေါ့။ မထိရောက်တဲ့အပြင် အချို့နေရာတွေမှာ နောက်ပြန်ဆွဲသွားတယ်။ လက်တွေ့ပဲကြည့်ပါ။ သူတို့ အဲဒီလူ့အခွင့်အရေးတွေဖော်ဆောင်နေတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ မပြောလိုဘူး။ သူတို့မူရင်းဖြစ်တဲ့ အမေရိကန်လိုနိုင်ငံမှာတောင် လစ်ဘရယ်တန်ဖိုးတွေကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ဝေဖန်တဲ့ ထရမ့်လို အမျိုးသားရေးလက်ယာသမားတွေ ရွေးကောက်ပွဲနိုင် အာဏာရလာတယ်မဟုတ်လား ❞

❁ ကမ္ဘာကြီးမှာ ဒီကနေ့ ဖြစ်နေတာတွေက မရိုးသားဘူး။ နောက်ကွယ်မှာ ကိုယ်မမြင်နိုင်တဲ့ အကြောင်းအချက်တွေ အများကြီးရှိတယ်။ လက်ရှိ နိုင်ငံတကာအခြေအနေက အင်အားကြီးသူနိုင်စတမ်းပဲ။ ပညာနဲ့တင် အခြေခံလို့ မရဘဲ အတွေ့အကြုံပါလိုလာတယ်။ သတင်းတွေဖတ်တဲ့အခါ ဘယ်သူ့ဘယ်သူမှ မုန်းဖို့မဟုတ်ဘဲ သတိနဲ့ ဖတ်ရှုသုံးသပ်တတ်ဖို့လိုတယ်။ စိတ်ကိုဖွင့်ထားပြီး ဖြန့်ကြက်လေ့လာနေကြပါ။ ဘာလုပ်လုပ် အသိပညာတိုးတက်ဖို့ လိုတယ်

❁ မြန်မာလူငယ်တွေဟာ အလုပ်ပေါင်းစုံ၊ နေရာပေါင်းစုံ၊ နိုင်ငံပေါင်းစုံကို ရောက်ရှိကျင်လည်ကြမှာ ဖြစ်ပါတယ်။ တစ်ခုတည်းမှာ၊ တစ်နေရာတည်းမှာ ရပ်နေကြမှာ မဟုတ်ဘူး။ လုံခြုံရေးသတိရှိကြပါ။ ဆင်ခြင်သုံးသပ်နိုင်စွမ်းကို မြှင့်တင်ပါ။ နိုင်ငံတကာဆက်ဆံရေး အသိရှိကြပါ။ လူရည်လည်ဖို့လိုတယ်။ ခံစားချက်ကို ဦးစား မပေးပါနဲ့။ မဟုတ်ရင် ဘဝမှာ အကြိမ်ကြိမ် ပြန်ပေးအဆွဲခံရပါလိမ့်မယ်

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မော်လမြိုင်မြို့နယ်ရှိ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားကတ်ပြားထုတ်ပေးပြီး Biometric ကောက်ယူမှုကြည့်ရှု

နေပြည်တော် ဇွန် ၂၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက မော်လမြိုင်မြို့ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသူများ၊ လဲလှယ်လျှောက်ထားသူ ပြည်သူများကို ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားကတ်ပြားစိစစ်ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုကာ ဒေသခံပြည်သူများအား လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် ကိုယ်ရေး အချက်အလက်(Biographic)နှင့် ဇီဝဆိုင်ရာအချက်အလက်(Biometric)ကောက်ယူပြီး ဂဏန်း (၁၀)လုံးပါ (Unique ID) နံပါတ်ထုတ်ပေးနေမှုနှင့် မြို့နယ်ရုံးအတွင်း စာရွက်စာတမ်းများနှင့် ရုံးသုံးပစ္စည်းများ ထိန်းသိမ်းထားရှိမှုနှင့် မှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျထိန်းသိမ်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပြည်ထောင်စုဝန်ကြီးက ရုံးစာရွက်စာတမ်းများ၊ e-ID စနစ်ဆိုင်ရာစက်ပစ္စည်း၊ ရုံးသုံးပစ္စည်းများနှင့် ကိုယ်ရေးဖိုင်များ စနစ်တကျ လုံခြုံစွာ ထိန်းသိမ်းထားရှိဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ်နှင့်ပိုးမွှားအန္တရာယ် ကြိုတင်ကာကွယ်တားဆီးဆောင်ရွက်ရေး၊ စက်ပစ္စည်းများနှင့် ကိုယ်ရေးဖိုင်များအတွက် ထုတ်၊သွင်းမှုမှတ်တမ်းများ စနစ်တကျရေးသွင်း ဆောင်ရွက်ကြရေးမှာကြားကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ်အစိုးရအဖွဲ့ ရာမညခန်းမ၌ ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ မဲပေးပိုင်ခွင့်ရှိသူတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်များဖြင့် ကြိုးပမ်းဆောင်ရွက်နေမှု၊ ယင်းသို့ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုးရရှိကိုင်ဆောင်သူတိုင်း e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူကာ ဂဏန်း(၁၀)လုံးပါ Unique ID နံပါတ် ထုတ်ပေးခြင်းကို တစ်ပါတည်းဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဝန်ထမ်းများက လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ လုပ်ငန်းဆိုင်ရာအခက်အခဲများနှင့် ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် သဘာဝဘေးရှာဖွေကယ်ဆယ်ရေးစုဖွဲ့မှုနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနား တက်ရောက်



နေပြည်တော် ဇွန် ၂၀

နေပြည်တော် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် ဗေဗေ့မောင်ဆည်၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာနေပြည်တော်ကောင်စီဥက္ကဋ္ဌက သတ်မှတ်နေရာ၌ မဟာလှေခါးပင်ကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက သတ်မှတ်နေရာများ၌ မဟာလှေခါး၊ Fox Tail၊ မဟော်ဂနီ၊ ပိတောက်၊ စိန်ပန်း၊ ပျဉ်းမနှင့်ခရေစသည့် ပျိုးပင် ၂၀၀ ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

သစ်ပင်စိုက်ပျိုးပွဲအပြီးတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ချောင်းမကြီးရေလှောင်တမံ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ ဥတ္တရသီရိ ရေလှောင်တမံ၌ ယာယီရေတားတမံ တည်ဆောက်ရန် ချဉ်းကပ်လမ်းဆောင်ရွက်နေမှု၊ ရေထုတ်ပြွန်ပြင်ဆင်ဆောင်ရွက်နေမှုနှင့် မြေစမ်းသပ်ခြင်းဆောင်ရွက်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဥတ္တရခရိုင်နှင့် ဇေယျာသီရိခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့တို့ သဘာဝဘေးအမြန်တုံ့ပြန်နိုင်ရေး ဇာတ်တိုက်လေ့ကျင့်လျက်ရှိသော သဘာဝဘေးရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ခင်းကျင်းပြသထားသော ကယ်ဆယ်ရေးယာဉ်နှင့် စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေး၍ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ပုဗ္ဗသီရိမြို့နယ် သစ်ယာကုန်းကွင်း (၁၅၁၉) တွင် မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ဆင်သေချောင်းဘေးဝဲ၊ ယာ သီးနှံစိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုပြီး သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေးနှင့် သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ညနေပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းဈေးနှင့် မြို့မဈေးတို့တွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီက ဈေးသူ ဈေးသားများနှင့် ပြည်သူလူထုအား အမှိုက်ခွဲခြားစွန့်ပစ်ခြင်း အသိပညာပေး သရုပ်ပြပွဲသို့ တက်ရောက်သည်။

သရုပ်ပြပွဲတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက အမှိုက်ခွဲခြားစွန့်ပစ်ရခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေး ရှင်းလင်းပြောကြားပြီး အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်နှင့် ဘေးအန္တရာယ်ရှိအမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်ခြင်းကို သရုပ်ပြသကြသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် ဥဩဿသိဒ္ဓိရပ်ကွက်၊ သုခသိဒ္ဓိရပ်ကွက်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်များရှိ ယာယီတည်းခိုရေးစခန်းများ၌ နေထိုင်မှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စခန်းအတွင်း သောက်သုံးရေ၊ သန့်စင်ခန်း၊ မီးဖိုများ ဆောင်ရွက်ပေးထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ စခန်းတွင်နေထိုင်သူများအတွက် စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး ၂၀၂၅ ခုနှစ် စတုတ္ထအကြိမ်မြောက် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၀

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၅ ခုနှစ် စတုတ္ထအကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် လှည်းကူးမြို့နယ် လှည်းကူး-ဖောင်ကြီးလမ်းအနီး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တက်ရောက်လာသူများနှင့် အတူ သတ်မှတ်နေရာများ၌ ပျဉ်းကတိုး ၈၇၂ ပင်၊ ပိတောက် ၁၆၈၇ ပင်၊ ပျဉ်းမ ၃၃၅ ပင်၊ မဟော်ဂနီ ၁၂၄၄ ပင်၊ စိန်ပန်း ၂၇၃ ပင်၊ ခရေ ၁၉၃ ပင်၊ ကံ့ကော် ၇၇၀ ၊ သင်းဝင်တစ်ပင်နှင့် ယင်းမာ တစ်ပင် စုစုပေါင်း ၅၃၇၆ ပင်တို့ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စွန့်ပစ်အမှိုက်များကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် စက္ကူအပိုင်းအစ၊ စက္ကူအိတ်နှင့် ကတ်ထူများကဲ့သို့သော အမှိုက်ခြောက်၊ စားကြွင်းစားကျန်များ ကဲ့သို့သော အမှိုက်စို၊ ဖန်၊ သံဘူးနှင့် သတ္တုဘူးများကဲ့သို့သော အန္တရာယ်ရှိသောအမှိုက်၊ ပလတ်စတစ်ဘူး၊ ခွက်၊ အိတ်များကဲ့သို့သော ပလတ်စတစ်အမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်နိုင်ရေး အသိပညာပေးပြောကြားသည်။

ယင်းနောက် ငမိုးရိပ်ရေလှောင်တမံ ကြံ့ခိုင်မှု၊ ရေသိုလှောင်ထားရှိသည့် ရေပိုလွှဲ၊ ပင်မတမံ၊ ရေထုတ်ပြွန်နှင့် ရေပေးဝေမှုလုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရေပိုလွှဲအတွက် ငမိုးရိပ်ချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်ရန်၊ တမံများ ကြံ့ခိုင်မှုရှိစေရေး အလေးထားဆောင်ရွက်ရန်နှင့် သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ အရေးပေါ်ကယ်ဆယ်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတိုင်း ကြိုတင်ပြင်ဆင်ခြင်း၊ ကူညီကယ်ဆယ်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များအတိုင်း ကျေးရွာနေ ပြည်သူများကို အသိပညာပေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ပညာရေးနယ်ပယ်အတွင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသားလူငယ်များအပါအဝင် ပါဝင်ဆောင်ရွက်လျက်ရှိသူအားလုံး ထိခိုက်နစ်နာမှုမရှိစေရေး ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၆/ ၂၀၂၅)

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းဖွင့်ရာသီစတင်ချိန်မှာပင် ထင်မှတ်မထားသော အကြမ်းဖက်လုပ်ရပ်များကို ဝမ်းနည်းဖွယ် ကြားသိရပါသည်။ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကုန်းဘုရား (ညောင်ပင်ကန်)ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မှ ကျောင်းအုပ်ဆရာမကြီးနှင့် ၎င်း၏ခင်ပွန်းတို့ သတ်ဖြတ်ခံရခြင်း၊ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ပွင့်တောက်ကျေးရွာ စက်လှေဆိပ်၌ အထက်တန်းပြ ဆရာမနှင့် ပညာရေးကောလိပ် တက်ရောက်မည့် ကျောင်းသူများအား အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်ခြင်း၊ နတ်မောက်မြို့နယ် ကူနီကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း(မူလွန်)မှ ကျောင်းအုပ်ဆရာမကြီးတစ်ဦး ဖမ်းဆီးသတ်ဖြတ်ခံရခြင်း၊ ဝက်ချုပ်ကျေးရွာတွင် အလယ်တန်းပြ ဆရာမတစ်ဦးနှင့်၎င်း၏ခင်ပွန်းတို့သတ်ဖြတ်ခံရခြင်းစသည့်အကြမ်းဖက် လုပ်ရပ်များသည် အသက်ရှင်သန်ခွင့်၊ လူပုဂ္ဂိုလ်လုံခြုံခွင့်၊ လွတ်လပ်စွာ ပညာသင်ကြားခွင့်နှင့် တည်ငြိမ်အေးချမ်းမှုရရှိခံစားခွင့် စသည့် အခြေခံလူ့အခွင့်အရေးများကို ထိခိုက်စေပါသည်။

ငြိမ်းချမ်းစွာ ပညာသင်ယူခွင့်ရရှိခံစားနိုင်ရေးအတွက် အဓိက တာဝန်ယူဖော်ဆောင်ပေးနေသော ဆရာ ဆရာမများအပါအဝင် ကျောင်းသူ ကျောင်းသားများ၊ စာသင်ကျောင်းများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်း၊ ရန်ရှာဖမ်းဆီးခြင်း၊ ခြိမ်းခြောက်နှောင့်ယှက်ခြင်းနှင့် အကြောင်းအမျိုးမျိုးဖြင့် ပျက်စီးရာ ပျက်စီးကြောင်း လုပ်ဆောင်နေခြင်းတို့သည် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၃ ပါ အသက်ရှင်သန်ခွင့်၊ လူပုဂ္ဂိုလ်လုံခြုံခွင့်နှင့် အပိုဒ် ၂၆ ပါ ပညာသင်ယူခွင့် အခွင့်အရေးတို့ကို ချိုးဖောက်ခြင်းပင် ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် အမျိုးသား ပညာရေးဥပဒေအရ “နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်ကို နိုင်ငံသားတိုင်း ခံစားရရှိစေရေး” အလေးအနက် အသိအမှတ်ပြုကာ ပညာရေးနယ်ပယ် အတွင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသားလူငယ်များအပါအဝင် ပါဝင်ဆောင်ရွက်လျက်ရှိသူအားလုံး ထိခိုက်နစ်နာမှုမရှိစေရေး ဝိုင်းဝန်း ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်ပါသည်။

ထို့ပြင်လမ်းတံတားများ၊တာဝါတိုင်များ၊လူနေအိမ်အဆောက်အဦ များ၊ ဆေးရုံများ ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များသည် လည်း တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝကို ထိခိုက်နစ်နာစေ ပါသည်။ ထိုသို့သော အကြမ်းဖက်လုပ်ရပ်များသည် နိုင်ငံနှင့်ပြည်သူ အတွက် ကြီးမားသောဆုံးရှုံးမှုများဖြစ်ပေါ်စေပြီး ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အဆိုးရွားဆုံး ခြိမ်းခြောက်မှုဖြစ်ပါသည်။ မည်သည့် အကြမ်းဖက်လုပ်ရပ်မဆို ရာဇဝတ်မှုမြောက်၍ တရားမျှတမှုမရှိဟု ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုက်အဝန်းက အသိအမှတ်ပြုထားသည့် နည်းတူ မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပြဋ္ဌာန်း၍ အကြမ်းဖက်လုပ်ရပ်များကို ကြိုးပမ်းတိုက်ဖျက် နှိမ်နင်းလျက်ရှိသည်ကို တွေ့မြင်သိရှိရပါသည်။

နိုင်ငံတစ်ဝန်း ငြိမ်းချမ်းစွာ ပညာသင်ယူခွင့်ရရှိစေရန်နှင့် အကြမ်းဖက်လုပ်ရပ်များ လျော့နည်းပပျောက်စေရန် ပြည်တွင်း ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့မှာ မရှိမဖြစ်လိုအပ်ပါသည်။ တည်ငြိမ်အေးချမ်းပြီး တာဝန်ယူမှု တာဝန်ခံမှုရှိသော လူ့ဘောင် အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်ရေး၊ အကြမ်းဖက်မှုကြောင့် ထိခိုက်နစ်နာသူများအတွက် ကုစားမှုပေးရေးနှင့် ပြန်လည်ထူထောင်ရေး၊ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေးအရ ကွဲပြားခြားနားမှုများကို အလေးထား ညှိနှိုင်းဆောင်ရွက်ရေးတို့ ပြုလုပ်သွားကြရန်နှင့် တရားဥပဒေစိုးမိုး၍ အကြမ်းဖက်မှုများ ပပျောက်စေရန် သက်ဆိုင်သူများ၊ အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် လူ့အခွင့်အရေးရှုထောင့်မှ အကြံပြုတိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## ကမာရွတ်မြို့နယ်၌ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှု အကျိုးခံစားခွင့် ထုတ်ပေး

ရန်ကုန် ဇွန် ၂၀

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Reliance Security Services (RSS Myanmar) Co., Ltd. မှ လှိုင်သာယာရုံး၏ (လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်) နယ်မြေကြီးကြပ်ရေးမှူး တာဝန်ထမ်းဆောင်နေသော အာမခံအလုပ်သမား ဦးနိုင်ဝင်း၏ အလုပ်တွင် ထိခိုက်သေဆုံးမှုနှင့် ပတ်သက်၍ ကျန်ရစ်သူ အကျိုးခံစားခွင့်ထုတ်ပေးခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းဆွေးနွေးသည်။

Reliance Security Services (RSS Myanmar) Co., Ltd. မှ လှိုင်သာယာရုံး၏ (လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်) နယ်မြေကြီးကြပ်ရေးမှူး တာဝန်ထမ်းဆောင်နေသော အာမခံအလုပ်သမား ဦးနိုင်ဝင်းသည် လုပ်ငန်းတာဝန်အရ လုံခြုံရေးတာဝန်ကျရာ နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လှိုင်သာယာရုံးသို့ ပြန်လာချိန်တွင် ရွှေပြည်သာမြို့နယ် သီရိမင်္ဂလာမြို့ပတ်လမ်းပေါ်၌ တစ်ဖက်ယာဉ်ကြောမှ မောင်းနှင်လာသော မော်တော်ယာဉ်ကို ရှောင်တိမ်းရာ လမ်းဘေး ရေအိုးစင်ရှိ ကုက္ကိုပင်အား အရှိန်ပြင်းစွာတိုက်မိပြီး ထိခိုက်သေဆုံးခဲ့သည်။

အဆိုပါသေဆုံးမှုနှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ ပုဒ်မ ၂(စ) နှင့်အညီ ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၅၂၂၀၀၀၀ ကို ဦးနိုင်ဝင်း၏ဇနီး ဒေါ်ခင်ပြုံးအား အလုပ်ဌာနတာဝန်ခံများ၊ အလုပ်သမားညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။ **စိမ်းလဲ့ (ပြန်/ဆက်)**




## မင်းဘူးမြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေးပွဲတော် ကျင်းပ

မင်းဘူး ဇွန် ၂၀

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မင်းဘူးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြင့်တင်ရေးပွဲတော် မုခ်ဦးကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင့်လွင်၊ သယံဇာတရေးရာဝန်ကြီး ဦးစိုးမြင့်အေး၊ မကွေးတိုင်းဒေသကြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရေးကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများဖြစ်သည့် ဆေးရောင်ခြယ်၊ စကားပုံဆက်၊ အရုပ်ဆက်၊ ခါးကွင်းလှည့်၊ အရုပ်ကွင်းစွပ်၊ ဘောလုံးဂိုးသွင်း၊ စက်ဝိုင်းလှည့်၊ ဆန်ကောရွက် စသည့် ကစားနည်းပြိုင်ပွဲမျိုးစုံ ကျင်းပနေမှုနှင့် အေးချမ်းပျော်ရွှင်စွာ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် လှပသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြခန်းနှင့် လူငယ်ရေးရာ အသိပညာပေး လှုပ်ရှားဆောင်ရွက်မှု ပြခန်း၊ ဌာနဆိုင်ရာပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခြေခံပညာအထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ အမြဲမပြတ်လေ့လာ သင်ယူရေး စကားဝိုင်းတွင် စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင်ရေးသားသော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးကိုဖော်ကျူးသည့် “သူ့ကျွန် မခံပြီ” စာအုပ်ကို ပါဝင်ဆွေးနွေးခဲ့ကြသည့်ကျောင်းသူလေးများအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

အဆိုပါပွဲတော်တွင် အခြေခံပညာအဆင့်ကာယ၊ ဉာဏစွမ်းရည် ပြိုင်ပွဲများ၊ အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်းများအပြင် ဌာနဆိုင်ရာပြခန်းများ၊ စာအုပ်အရောင်းဆိုင်များဖြင့် ဇွန် ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## ဒိုက်ဦးမြို့၌ အခွန်အသိပညာပေး ရှင်းလင်းဆွေးနွေး

ဒိုက်ဦး ဇွန် ၂၀

ဒိုက်ဦးမြို့၊ ညောင်လေးပင်မြို့၊ ဝေါမြို့နယ်တို့မှ စုပေါင်း၍ ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားတွင် ဒိုက်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးက အဖွင့်အမှာစကား ပြောကြားသည်။



ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီလာမြင့်က ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ကောက်ခံနေသော အခွန်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ဒိုက်ဦးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမျိုးဝေလင်းက ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် လျှော်ဘေးဒဏ်သင့် အပြာရောင်အဆင့်နှင့် လိမ္မော်ရောင်အဆင့် သတ်မှတ်ထားသည့် ဝန်ထမ်းအိမ်ရာအဆောက်အအုံများအား လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၀

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ကျွမ်းကျင်ပညာရှင်များက စစ်ဆေးအတည်ပြုထားသည့် အပြာရောင်အဆင့်နှင့် လိမ္မော်ရောင်အဆင့် သတ်မှတ်ထားသည့် ဝန်ထမ်းအိမ်ရာအဆောက်အအုံများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အပြာရောင်အဆင့် သတ်မှတ်ထားသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းများနေထိုင်ခဲ့သော ဇမ္ဗူသီရိမြို့နယ်အတွင်း ဘောဂသိဒ္ဓိရပ်ကွက်ရှိ ပိတောက်အိမ်ရာ တိုက်အမှတ်(၈၂)နှင့် (၈၂) တို့တွင် ပြန်လည်ပြောင်းရွှေ့နေထိုင်ရန်အတွက် အသေးစားနှင့် အလတ်စားပြုပြင်မှုများ ပြန်လည်



ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများနှင့် ပြန်လည်ပြောင်းရွှေ့နေထိုင်နေသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ အဆင်ပြေမှုရှိစေရေးတို့အတွက် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လိမ္မော်ရောင်အဆင့် သတ်မှတ်ထားသည့် ဘောဂသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ် (၇၄၇)၊ မူလက အနီရောင်အဆင့် သတ်မှတ်ထားပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပေါင်းစပ်၍ အဆင့်ဆင့်စစ်ဆေးပြီး အပြာရောင်အဆင့်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့သည့် ဝဏ္ဏသိဒ္ဓိရပ်ကွက် ဘူးကွဲအိမ်ရာရှိ တိုက်အမှတ် (၅၃၅၀)နှင့် (၅၃၅၁)တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အသေးစား၊ အလတ်စားနှင့် အကြီးစားပြုပြင်မှုများ ပြန်လည်ပြုပြင်ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများနှင့် ပြုပြင်ဆောင်ရွက်ပြီးစီးပါက ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား အမြန်ဆုံးပြန်လည်ပြောင်းရွှေ့နေထိုင်နိုင်စေရေးနှင့် ဝန်ထမ်းများ အဆင်ပြေချောမွေ့စွာဖြင့် မိုးလုံလေလုံနေထိုင်နိုင်စေရေးအတွက် လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လျှော်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၀

မြန်မာနိုင်ငံတွင် လူပ်ခတ်ခဲ့သော မန္တလေးလျှော်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့အတွင်းရှိ ဆွမ်းဦးပုညရှင် စေတီတော်နှင့် လေးကျွန်းမာရ်အောင် မြတ်စွာဘုရားတို့၌ လျှော်အတွင်း ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး စေတီတော်ရင်ပြင်တိုးချဲ့ရန် မြေသားခိုင်မာမှု စမ်းသပ်စစ်ဆေးခြင်းနှင့် စေတီတော်လုံးပတ် ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်နေမှု၊ စေတီတော် ပုရိဂုဏ်အတွင်း သန့်ရှင်းသာယာ လှပရေးနှင့် ဘက်စုံ ပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ စစ်ကိုင်းမြို့အတွင်းရှိ လျှော်ဒဏ်သင့် ဘုန်းတော်ကြီးကျောင်းတိုက်များ၊ သာသနာ့ရွှယ်ဝင် သီလရှင်စာသင်တိုက်များ၊ သာသနိကအဆောက်အအုံများနှင့် နေအိမ်အဆောက်အအုံများ၌ အပျက်အစီးများကို စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှား ရှင်းလင်းမှုနှင့် ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး လုပ်ငန်းဆောင်ရွက် နေကြသူများအား အားဖြည့်အချိုရည်များ ပေးအပ်သည်။

ထို့နောက် စစ်ကိုင်းမြို့အတွင်းရှိ စစ်ကိုင်း ပညာရေးကောလိပ်သို့ သွားရောက်ကာ လျှော်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျောင်းဆောင်များကို အပြီးသတ်ဖယ်ရှား ရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည် တောင်ရပ်ကွက်၊ ရှမ်းစုဆီးဘန်နီတိုက်အတွင်းရှိ အလယ်တိုက်ကြီး အုတ်ကျောင်းနှင့် ကျွန်းလုံး ဥသျှောင်ရပ်ကွက် ဒက္ခိဏာရာမဘုရားကြီး ကျောင်းတိုက်ရှိ သာသနာ့ ဇေတဝန်ကာရုံအုဋ္ဌကျောင်းတို့၌ လျှော်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများကို တပ်မတော်သားများ ကလည်းကောင်း၊ စက်ယန္တရားကြီးများ အသုံးပြု၍လည်းကောင်း အင်တိုက်အားတိုက် ဖယ်ရှား ရှင်းလင်းနေမှုနှင့် ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်နှင့် မြို့သစ် အမှတ်(၃)ရပ်ကွက်တို့ရှိ အန္တရာယ်ရှိနေအိမ် အဆောက်အအုံ အပျက်အစီးများကို စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှား ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့အတွင်းရှိ သာသနိကအဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ချမ်းမြသာစည်မြို့နယ် အလယ်တိုက်ကြီးအုတ်ကျောင်း၌ အဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ကျိုက်လတ်၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာထည့်သွင်းခြင်းဆောင်ရွက်

ကျိုက်လတ် ဇွန် ၂၀

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို ဇွန် ၁၉ ရက်နံနက်ပိုင်းက အနန်းပင်စုကျေးရွာ တောင်သူ ဦးသိန်းဝင်း၏ လယ်မြေဧရိယာ၌ ပြုလုပ်သည်။

အဆိုပါ သရုပ်ပြပွဲသို့ ဖျာပုံခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးအောင်၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်၊ မြို့နယ်စိုက်/တိုး/မြှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## အခြေခံပညာဦးစီးဌာန
## ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ
## (စာရင်းရှိ၊ ဖြေဆို၊ ပျက်ကွက်) စာရင်း

ရူပဗေဒ + သမိုင်းဘာသာရပ် ရက်စွဲ၊ ၂၀-၆-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၃၃၇ | ၅၃၅၉ | ၈၆၉၆ | ၃၂၈၀ | ၅၃၀၂ | ၈၅၈၂ | ၅၇ | ၅၇ | ၁၁၄ | ၉၈.၆၉% | ၁.၃၁% | |
| ၂ | စစ်ကိုင်း | ၉ | ၁၃ | ၂၅ | ၁၁၃၈ | ၅၀၆၇ | ၈၂၀၅ | ၃၀၇၃ | ၄၉၆၇ | ၈၀၄၀ | ၆၅ | ၁၀၀ | ၁၆၅ | ၉၇.၉၉% | ၂.၀၁% | |
| ၃ | မန္တလေး | ၁၀ | ၂၅ | ၁၀၁ | ၁၄၆၅၈ | ၁၉၅၈၃ | ၃၄၂၄၁ | ၁၄၃၈၃ | ၁၉၃၇၈ | ၃၃၇၆၁ | ၂၇၅ | ၂၀၅ | ၄၈၀ | ၉၈.၆၀% | ၁.၄၀% | |
| ၄ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၄၆၈ | ၇၀၆၃ | ၁၂၅၃၁ | ၅၄၀၃ | ၇၀၀၃ | ၁၂၄၀၆ | ၆၅ | ၆၀ | ၁၂၅ | ၉၉.၀၀% | ၁.၀၀% | |
| | စုစုပေါင်း | ၂၉ | ၅၈ | ၁၉၅ | ၂၆၆၀၁ | ၃၇၀၇၂ | ၆၃၆၇၃ | ၂၆၁၃၉ | ၃၆၆၅၀ | ၆၂၇၈၉ | ၄၆၂ | ၄၂၂ | ၈၈၄ | ၉၈.၆၁% | ၁.၃၉% | |

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများ ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်တို့ကို ဆက်လက်ဖြေဆို

**နေပြည်တော် ဇွန် ၂၀**

နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့မှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြသည့်ကျောင်းသား ကျောင်းသူများသည် ဇွန် ၁၆ ရက်မှစတင်၍ သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ စာစစ်ဌာန ၁၉၅ ခု၌ ဝင်ရောက်ဖြေဆိုလျက်ရှိရာ ယနေ့တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့တွင် ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်တို့ကို ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၆၂၇၈၉ ဦး (ဖြေဆိုရာခိုင်နှုန်း ၉၈ ဒသမ ၆၁ ရာခိုင်နှုန်း)ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ကျောင်းသား ကျောင်းသူများနှင့် လိုက်ပါပို့ဆောင်ပေးသည့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

စာမေးပွဲများ ပြန်လည်ကျင်းပနေစဉ်ကာလအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် စာမေးပွဲများကျင်းပနေသည့် မြို့နယ်များအလိုက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကို စနစ်တကျ စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**



ကသာမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီး ပြန်လည်ထွက်ခွာလာသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။
ကျော်စွာ(ကသာ)



ကျွန်းလှမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။
မျိုးဝင်းညို(ကျွန်းလှ)



ကန့်ဘလူမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။
အောင်ဝင်းငြိမ်း(ကန့်ဘလူ)



မဟာအောင်မြေမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။
ရွှေတိုး



မတ္တရာမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီး ပြန်လည်ထွက်ခွာလာသည့် ကျောင်းသား ကျောင်းသူများအား အချိုရည်၊ မုန့်နှင့် ချီးမြှင့်ငွေများ ပေးအပ်လျက်ရှိသည်ကို တွေ့ရစဉ်။
မြို့နယ်(ပြန်/ဆက်)



ဇမ္ဗူသီရိမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီး ပြန်လည်ထွက်ခွာလာသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။
တင့်ဖူးခိုင်(ပြန်/ဆက်)

# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုရှောင်ရှား

**နေပြည်တော် ဇွန် ၂၀**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဇွန် ၂၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**










# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံနှင့် နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦး၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများကလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံသို့ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများကလည်းကောင်း ဇွန် ၁၉ ရက်နှင့် ယနေ့တို့တွင် သွားရောက်၍ ဆေးရုံတက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံအားပေးပြီး တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦး၊ တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်းများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦး၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသူများအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။



❖ ကျောဖုံးမှ

(တတိယနှစ်) သင်တန်းသူ ဒေါက်တာခိုင်မေဦး၊ လက်ထောက်ဆရာဝန်(အရိုး) ဒေါက်တာရာဇာအောင်စောဝင်း၊ ဆေးပညာမဟာသိပ္ပံ(ဒုတိယနှစ်) ဘွဲ့လွန်သင်တန်းသား ဒေါက်တာစိုင်းသီဟတို့ပါဝင်သော လက်ပိုင်းဆိုင်ရာ ခွဲစိတ်မှုဆရာဝန်များအဖွဲ့၊ လက်ထောက်ဆရာဝန်(မေ့ဆေး) ဒေါက်တာဒေလီယာစိုးဝင်းနှင့် မေ့ဆေးဆရာဝန်များအဖွဲ့၊ သူနာပြုဆရာမကြီး ဒေါ်မို့မို့အောင် ဦးဆောင်သည့် သူနာပြုများအဖွဲ့နှင့် ဆက်စပ်ဌာနများဖြစ်သည့် ခတ်ခွဲ၊ ခတ်မှန်ကျွမ်းကျင်ဝန်ထမ်းများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန် ပြည်သူ့ဆေးရုံကြီး၌ ၂၀၂၂ ခုနှစ်တွင် လက်ဖျံပြန်ဆက်သည့်ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့သူတစ်ဦး၊ ၂၀၂၃ ခုနှစ်တွင် လက်မောင်းပြန်ဆက်သည့် ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့သူတစ်ဦး၊ ၂၀၂၄ ခုနှစ်တွင် လက်မပြန်ဆက်သည့် ခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့သူတစ်ဦး၊ ၂၀၂၅ ခုနှစ် ယခုအချိန်အထိ လက်ဖဝါး ပြန်ဆက်သည့် ခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့သူ တစ်ဦးတို့ကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထိုသို့ လက်ပြတ်တောက်သွားသည့် လူနာကဲ့သို့ ပြတ်တောက်သွားသောလက်ကို ခွဲစိတ်ကုသမှုဆောင်ရွက်ရန်အတွက် ပြည်သူ့ဆေးရုံကြီးများသို့ လွှဲပြောင်းပေးပို့မည်ဆိုပါက ပြတ်တောက်သွားသောလက်ကို ရေသန့်သန့် သို့မဟုတ် အကြောဆေးရည် (Normal Saline or Ringer Lactate)ဖြင့် ဆေးပြီး အကြောဆေးရည်ဖြင့် စိုစွတ်အောင်စိမ်ထားသော ခွဲစိတ်ခန်းသုံး အဝတ်စ (Gauze)ဖြင့်ပတ်၍ သန့်ရှင်းသော ပလတ်စတစ်အိတ် သို့မဟုတ် ဘူးထဲသို့ထည့်၍ လည်းကောင်း၊ အကြောဆေးရည် ထည့်ထားသော သန့်ရှင်းသည့် ပလတ်စတစ်အိတ် သို့မဟုတ် ဘူးထဲသို့ ထည့်၍လည်းကောင်း လုံခြုံစွာပိတ်ပြီး ရေခဲထည့်ထားသော ရေခဲပုံးအတွင်းထည့်၍ အမြန်ဆုံး လွှဲပြောင်းပေးပို့နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# သဲကုန်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**သဲကုန်း ဇွန် ၂၀**

သဲကုန်းမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက ဝက်ပုတ်-ပုတီးကုန်းလမ်းဘေး ပွဲပြည့်ခြံဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ သဲကုန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေး၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးစံရွှေမြင့်၊ မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းလွင်က ပျိုးပင်များ ပေးအပ်ကြသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက သတ်မှတ်နေရာများတွင် ပျိုးပင်များ စိုက်ပျိုးခဲ့ကြသည်။ ယနေ့မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၁၃၀၊ မန်ဂျန်ရှားပင် ၁၀၀၊ စိန်ပန်းပင်ကြီး ၆၀၊ ယူကလစ်ပင် ၄၀၊ ပိတောက်ပင် ၃၀ စုစုပေါင်းအပင်ရေ ၃၆၀ စုပေါင်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မော်စကိုနှင့်ဆက်ဆံရေးတိုးမြှင့်ရန် ဆန္ဒရှိကြောင်း အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီရန်တို ပြောကြား



ဂျကာတာ ဇွန် ၂၀

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီရန်တို တို့သည် စိန့်ပီတာစဘတ်မြို့တွင် တွေ့ဆုံပြီး နှစ်နိုင်ငံရေးရာကိစ္စရပ်များ ဆွေးနွေးကြောင်း သိရသည်။

အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီရန်တိုက ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပလျက်ရှိသည့် နိုင်ငံတကာ စီးပွားရေးဖိုရမ်သို့ တက်ရောက်စဉ် သမ္မတပူတင်နှင့် တွေ့ဆုံခြင်းဖြစ်သည်။

ခေါင်းဆောင်နှစ်ဦးတွေ့ဆုံရာတွင် မော်စကိုနှင့် ဆက်ဆံရေးတိုးမြှင့်ရန် ဆန္ဒရှိကြောင်း အင်ဒိုနီးရှား သမ္မတ ပရာဘိုဝို ဆူဘီရန်တိုက ပြောကြားသည်။

ရုရှားနှင့် အင်ဒိုနီးရှားတို့၏ ဆက်ဆံရေးသည် တည်ငြိမ်လျက်ရှိပြီး တိုးတက်မှုဆီသို့ ဦးတည်လျက်ရှိကြောင်း သမ္မတပူတင်က ပြန်လည်ပြောကြားသည်။

ထို့ပြင် စိုက်ပျိုးရေး၊ အာကာသ၊ စွမ်းအင်နှင့် စစ်ရေးနည်းပညာ အပါအဝင် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်အသီးသီးတွင် အလားအလာကောင်းများ ရှိနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံအား ထွန်းသစ်စ စီးပွားရေးအုပ်စု (BRICS)၏ အမြဲတမ်းအဖွဲ့ဝင်ဖြစ်လာစေရန် ကူညီပေးသည့်အတွက် သမ္မတ ပူတင်အား ကျေးဇူးတင်ရှိကြောင်း အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီရန်တိုက ပြောကြားသည်။

နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လာကာ နယ်ပယ်အသီးသီးတွင် တိုးတက်မှုများစွာ ရှိလာခဲ့ပြီး စီးပွားရေးလည်း တိုးတက်လာကြောင်း ၎င်းက ပြောကြားသည်။

ပရာဘိုဝိုသည် စက်မှုထိပ်သီးခုနစ်နိုင်ငံ (ဂျီ ၇) ထိပ်သီးအစည်းအဝေးသို့ ဖိတ်ကြားချက်ကို ပယ်ချပြီး ရုရှားခရီးစဉ်ကို လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။

**နိုင်ငံအတွက် ပိုမိုအကျိုးရှိ**

သမ္မတပူတင်နှင့် တွေ့ဆုံခြင်းသည် ၎င်း၏နိုင်ငံအတွက် ပိုမိုအကျိုးရှိမည်ဟု ထင်မြင်ယူဆဖွယ် ရှိကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်ပြောကြားသည်။

ဂျာကာတာသည် နယ်ပယ်များစွာတွင် ရုရှားနှင့် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်မှုဆောင်ရွက်ရန် စိတ်ဝင်စားမှုကို ပြသခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံ ပထမဆုံးသော ပူးတွဲရေတပ်စစ်ရေး လေ့ကျင့်မှုကို ယမန်နှစ်က ပြုလုပ်ခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ဗီယက်နမ်နိုင်ငံက ထွန်းသစ်စစီးပွားရေးအုပ်စု (BRICS) ၏ ၁၀ ခုမြောက် မိတ်ဖက်နိုင်ငံဖြစ်လာ



ဟန္နိုင်း ဇွန် ၂၀

ဗီယက်နမ်နိုင်ငံသည် ထွန်းသစ်စ စီးပွားရေးအုပ်စု (BRICS) ၏ ၁၀ ခုမြောက် မိတ်ဖက်နိုင်ငံအဖြစ် တရားဝင် အသိအမှတ်ပြုခံရကြောင်း သိရသည်။

အစည်းအဝေးများတွင် မိတ်ဖက်နိုင်ငံများသည် ကိုယ်တိုင်ဆုံးဖြတ်ချက်ချနိုင်သည့် အခွင့်အရေး မရှိသော်လည်း BRICS ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် ပါဝင်နိုင်သည်။

ဗီယက်နမ် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဖမ်သူဟန်က ဗီယက်နမ်နိုင်ငံ အနေဖြင့် BRICS အဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို သက်ဆိုင်ရာ ဘက်ပေါင်းစုံကဏ္ဍတွင် ပေါင်းစပ်ညှိနှိုင်းပါဝင်ရန် အဆင်သင့်ရှိကြောင်း ဇွန် ၁၉ ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ထို့ပြင် ဗီယက်နမ်နိုင်ငံသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု စသည့် နယ်ပယ်များတွင် အခြားအဖွဲ့ဝင်များနှင့် လက်တွဲလုပ်ဆောင်ရန် ဆန္ဒရှိကြောင်းလည်း ၎င်းက ပြောကြားသည်။

BRICS သည် မူလက ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ဖြင့် ဖွဲ့စည်းထားသည်။ လက်ရှိတွင် အီရန်နှင့် အီဂျစ်ကဲ့သို့သော အရှေ့အလယ်ပိုင်းနိုင်ငံများ အပါအဝင် အဖွဲ့ဝင် ၁၁ နိုင်ငံအထိ ရှိလာပြီဖြစ်သည်။

တရုတ်နိုင်ငံနှင့် စီးပွားရေးအရ ဆက်ဆံမှု အားကောင်းနေသည့် အရှေ့တောင်အာရှ နိုင်ငံအချို့သည်လည်း ထွန်းသစ်စစီးပွားရေး အုပ်စု (BRICS) တွင် ပါဝင်ရန် စိတ်ဝင်စားလျက်ရှိသည်။

တစ်ဖက်ကလည်း BRICS အဖွဲ့ဝင်နိုင်ငံများသည် ငွေကြေးလွှဲပြောင်းမှု ဆောင်ရွက်ရာတွင် ၎င်းတို့၏ ကိုယ်ပိုင်ငွေကြေးကို အသုံးပြုရန် ကြိုးစားလျက်ရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားသည်။

BRICS အဖွဲ့ဝင်များသည် ကုန်သွယ်မှု ဖလှယ်ရာတွင် အမေရိကန် ဒေါ်လာအသုံးပြုခြင်း မရှိပါက ၎င်းတို့၏ကုန်ပစ္စည်းများအပေါ် ၁၀၀ ရာခိုင်နှုန်း အခွန်ကောက်ခံမည် ဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# အစ္စရေးနှင့် အီရန် ထိပ်တိုက်ရင်ဆိုင်မှု ဒုတိယပတ်အတွင်း ဝင်ရောက်လာ စစ်ရေး ပိုမိုပြင်းထန်လာမည်ကို စိုးရိမ်မှုများ မြင့်တက်

ဂျေရုဆလင် ဇွန် ၂၀

အစ္စရေးနှင့် အီရန်တို့၏ နှစ်နိုင်ငံကြား ထိပ်တိုက်ရင်ဆိုင်မှု ဒုတိယပတ်အတွင်း ဝင်ရောက်လာသောကြောင့် စစ်ရေးအရ ပိုမိုပြင်းထန်လာမည်ကို စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

တီဟီရန်မြို့လယ်ရှိ နျူကလီးယား သုတေသနဌာနချုပ်နှင့် ဒုံးကျည်ထုတ်လုပ်သည့်နေရာများ အပါအဝင် ပစ်မှတ်ပေါင်းများစွာကို ယမန်နေ့ညပိုင်းတွင် ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း အစ္စရေးတပ်မတော်က ယနေ့ ပြောကြားသည်။

အစ္စရေးက အီရန်နိုင်ငံတစ်ဝန်းရှိ နျူကလီးယားစက်ရုံများကို ဆက်လက်တိုက်ခိုက်လျက်ရှိရာ အီရန်နိုင်ငံအနောက်ပိုင်း ခွန်ဒတ်မြို့ နျူကလီးယားဓာတ်ပေါင်းဖိုစက်ရုံရှိ အဆောက်အအုံအချို့ ပျက်စီးခဲ့ကြောင်း နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီက ဇွန် ၂၀ ရက်တွင် ပြောကြားသည်။




အီရန်နိုင်ငံအနောက်ပိုင်း ခွန်ဒတ်မြို့ နျူကလီးယားဓာတ်ပေါင်းဖို စက်ရုံရှိ အဆောက်အအုံအချို့ ပျက်စီးမှုကို တွေ့ရစဉ်။

အလားတူ အစ္စရေးတောင်ပိုင်း ဘာရီဘာမြို့ရှိ လူနေရပ်ကွက်တစ်ခုတွင် အီရန်ဒုံးကျည်တစ်စင်း၏ အပိုင်းအစ ထိမှန်မှုကြောင့် ခုနစ်ဦး ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း အစ္စရေးမီဒီယာက သတင်းဖော်ပြသည်။

အီရန်နိုင်ငံအလယ်ပိုင်း ဖော်ဒိုးဒေသရှိ မြေအောက်နျူကလီးယား စက်ရုံအား အမေရိကန်က ဗုံးကြဲတိုက်ခိုက်မည့်အခြေအနေကို အာရုံစိုက်လျက်ရှိသည်။ အစ္စရေးက စစ်ရေးအရ ကြားဝင်စွက်ဖက်ရန် အမေရိကန်အား တောင်းဆိုခဲ့ကြောင်း သိရသည်။

အစ္စရေးသည် အမေရိကန်၏ ပါဝင်ပတ်သက်မှုမရှိဘဲ ဖော်ဒိုးဒေသရှိမြေအောက်နျူကလီးယားစက်ရုံကို တိုက်ခိုက်နိုင်စွမ်းရှိကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ရုပ်သံမိန့်ခွန်းတစ်ခုတွင် ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# အစ္စရေးနှင့် ဟားမတ်စ်တို့ကြား တိုက်ပွဲများကြောင့် ဂါဇာကမ်းမြောင်၌ ကလေးငယ် ၅၀၀၀၀ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိ



ဂါဇာစီးတီး ဇွန် ၂၀

၂၀၂၃ ခုနှစ် အောက်တိုဘာလမှစပြီး အစ္စရေးနှင့် ဟားမတ်စ်တို့ကြား စတင်ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် ဂါဇာကမ်းမြောင်၌ ကလေးငယ် ၅၀၀၀၀ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ လက်ထောက်အမှုဆောင် ဒါရိုက်တာ ကစ်တီဗန်ဒါဟိုင်ဒန်က တိုကျိုမြို့၌ အင်န်အိတ်ချ်ကေ သတင်းဌာနနှင့် သီးသန့်တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် အထက်ပါအတိုင်း မှတ်ချက်ပေးခဲ့ကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသတွင် အာဟာရချို့တဲ့သူအရေအတွက် မြင့်တက်လျက်ရှိပြီး ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုစနစ်များ ပြိုလဲလုနီးပါးဖြစ်နေကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

အစ္စရေးအစိုးရသည် မတ်လမှစပြီး အကူအညီများပေးပို့မှုကို ပိတ်ဆို့ထားခြင်းကြောင့် ကုလသမဂ္ဂဦးဆောင်သည့် အကူအညီပေးရေး အစီအစဉ်များမှ ဝန်ထမ်းများက ဒေသအတွင်းရှိ လိုအပ်နေသော ကလေးငယ်များကို လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးနိုင်ခြင်းမရှိတော့ပေ။

အကြမ်းဖက်မှုများကိုရပ်တန့်ရန်နှင့် ဂါဇာကမ်းမြောင်ဒေသရှိ ကုလသမဂ္ဂဝန်ထမ်းများအား အကူအညီများပြန်လည်ပေးအပ်မှုများကို စတင်ခွင့်ပြုရန် လက်ထောက်အမှုဆောင် ဒါရိုက်တာ ကစ်တီဗန်ဒါဟိုင်ဒန်က တောင်းဆိုခဲ့သည်။

လက်ရှိအချိန်၌ ကမ္ဘာပေါ်ရှိ ကလေးခြောက်ယောက်တွင် တစ်ဦးသည် ပဋိပက္ခနှင့် ရင်ဆိုင်နေရကြောင်း သို့မဟုတ် ထွက်ပြေးတိမ်းရှောင်နေရကြောင်းနှင့် ယင်းသို့အဖြစ်အပျက်များကို ယူနီဆက်၏ သမိုင်းတွင် ကြုံတွေ့ဖူးခြင်းမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

# ပျော်ဘွယ်မြို့နယ်၌ တရားမဝင် သယ်ဆောင်ရောင်းဝယ်သည့် ဓာတုပစ္စည်း Glacial Acetic Acid လီတာ ၂၅၅၀၀ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၀

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၈ ရက် ညနေ ၆ နာရီခွဲက ပျော်ဘွယ်မြို့နယ် သပြေရိုးကျေးရွာတွင် စိုးသက်ပိုင်အား အထောက်ထားမဲ့ သိုလှောင်ထားသည့် Glacial Acetic Acid လီတာ ၃၀ စီပါ ပလတ်စတစ်ပုံး ၈၅၀ နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ အဆိုပါဓာတုပစ္စည်းများအား အခကြေးငွေပေး၍ သိမ်းဆည်းထားရန် စေခိုင်းသူ ဇော်လင်းဦးအား ဇွန် ၁၀ ရက် ညနေ ၄ နာရီခွဲတွင် ပုဗ္ဗသီရိမြို့နယ် ဝဏ္ဏဒီပရပ်ကွက် စွယ်တော်လမ်းရှိ ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ဇွန် ၁၂ ရက် ည ၁၀ နာရီခွဲတွင် ဓာတုပစ္စည်းများအား ရန်ကုန်မှ ပျော်ဘွယ်သို့ တာဝန်ခံ သယ်ဆောင်သူ ကျော်မြင့်ဦး(ခ)ဖိုးကျော်(ခ)ဖြိုးကျော်အား ဒလမြို့ရှိ နေအိမ်တွင် လည်းကောင်း၊ ဇွန် ၁၄ ရက် နံနက် ၆ နာရီတွင် ဓာတုပစ္စည်းများအား တရားမဝင်တင်ပို့ပေးသူ အောင်အောင်ဦး(ခ)ကိုခန့်အား တာမွေမြို့နယ် ၁၅၂ လမ်းရှိ နေအိမ်တွင် လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် ဓာတုပစ္စည်းများအား တရားမဝင်ရောင်းချခဲ့သူ နေအောင်လှိုင်သိန်း(ခ)နေအောင်အား အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ဖန်ချက်စက်လမ်းရှိ နေအိမ်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း စစ်ဆေးဖော်ထုတ်ချက်များအရ အဆိုပါ ဓာတုပစ္စည်းများကို ရန်ကုန်မှ အောင်ပန်းသို့ သယ်ဆောင်ရောင်းဝယ်ရာတွင် စီမံခန့်ခွဲသူမှာ ထွန်းလင်းနိုင်ဖြစ်ကြောင်း သိရှိရပြီး မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ ထုတ်လုပ်ရာ၌ အသုံးပြုရန် ရည်ရွယ်၍ တရားမဝင် သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# လားရှိုးမြို့နှင့် လှည်းကူးမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၀

လားရှိုးမြို့နှင့် လှည်းကူးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၅ ရက် ည ၈ နာရီတွင် သတင်းအရ လားရှိုးမြို့ လားရှိုး-နမ္မတူသွား ကားလမ်းတွင် စိုးမင်းလတ်(ခ)လေးလုံး မောင်းနှင်ပြီး ဝေဝေဦး(ခ)မီနား လိုက်ပါလာသည့် ဆိုင်ကယ်နှင့် ထွန်းလှဦး(ခ)အိုက်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်တို့အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀(ဒေသတန်ဖိုး ငွေကျပ် သိန်း ၃၀၀)နှင့် ဘိန်းဖြူအလေးချိန် သုည ဒသမ ၉၉ ကီလို(ဒေသတန်ဖိုး ငွေကျပ် ၁၄၈ ဒသမ ၅ သိန်း)တို့ အား သိမ်းဆည်းရမိပြီး ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ ည ၉ နာရီတွင် လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ(၄)နေ ခင်စန်းမေ(ခ)ကရီးမား၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀(ဒေသတန်ဖိုး ငွေကျပ်ငါးသိန်း) နှင့် ဘိန်းဖြူ အလေးချိန် သုည ဒသမ ၁၇ ကီလို (ဒေသတန်ဖိုး ငွေကျပ် ၂၅ ဒသမ ၅ သိန်း) တို့ကိုလည်းကောင်း။

အလားတူ ဇွန် ၁၈ ရက် ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာ ရွှေမြေ(၁)လမ်းတွင် လမ်းလျှောက်လာသူ ကျော်ကျော်(ခ)မိုဟာမတ်အလီနှင့် လင်းနိုင်ဝင်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀(ဒေသတန်ဖိုး ငွေကျပ်သိန်း ၅၀) သိမ်းဆည်းရမိပြီး စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၄ နာရီ ၅၅ မိနစ်တွင် လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာ ရွှေမြေ(၁)လမ်းရှိ ကျော်ကျော်(ခ)မိုဟာမက်အလီ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀(ဒေသတန်ဖိုး ငွေကျပ် ၇၆ သိန်း)နှင့် အိုက်စ်(မက်သ်အဖက်တမင်း) သုည ဒသမ ၆ ကီလို(ဒေသတန်ဖိုး ငွေကျပ် သိန်း ၂၁၀)တို့ကို လည်းကောင်း ဆက်လက်သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။





ပြစ်မှုကျူးလွန်သူ စိုးမင်းလတ်(ခ)လေးလုံး၊ ဝေဝေဦး(ခ)မီနား၊ ထွန်းလှဦး(ခ)အိုက်ဦးနှင့် ခင်စန်းမေ(ခ)ကရီးမား တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၀

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “userjzjdz60em” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ဠ)ရပ်ကွက်နေ သန္တာမြင့်အား မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် ဝေဘာဂီနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၆-၂၀၂၅ စနေနေ့

**MRTV HD**

၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောရှုဂ်သုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၅ Weekly Sports Info
၀၉:၁၀ အပြည်ပြည်ဆိုင်ရာယောဂနေ့အထိမ်းအမှတ် အစီအစဉ်
၁၀:၃၅ လူငယ်ရေးရာအစီအစဉ်
၁၁:၀၅ ချစ်စရာအရွယ်ကစားကြမယ်
၁၁:၄၀ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'ငေါင်' (အပိုင်း-၁၆)
၁၃:၃၀ MRTV National News
၁၆:၄၀ ပုံပြင်ကမ္ဘာအစီအစဉ် 'အန္တရာယ်'
၁၇:၀၅ ဗီဇာကလပ်ကမ္ဘာ့ဖလားမိတ်ဆက်
၁၇:၁၅ အပြည်ပြည်ဆိုင်ရာယောဂနေ့အထိမ်းအမှတ် အစီအစဉ် 'ယောဂနှင့်အတူကျန်းမာသော ဘဝကိုစတင်ကြပါစို့'
၁၇:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း 'ပြီးပြည့်စုံသော တရားမျှတမှုကို ဆောင်ကြဉ်းပေးခြင်း'
၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'မှသားနောက်ကွယ်'** (အပိုင်း-၁၅)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၂၅ မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ်အစီအစဉ် The Great Wall 'သပိုင်းဝင်ယှဉ်ကျေးမှု' (အပိုင်း-၈)
၂၂:၁၅ (၃၈)ဖြာမင်္ဂလာ 'အပ္ပမာဒေါစ ဓမ္မေသု' (ကုသိုလ်ကောင်းမှုတို့၌ မမေ့လျော့ရခြင်း)

**mitv**

07:02 Evergreen Classic: Kyun Nawt Htar Nay Bagan Pyay
07:07 Weekly Review
07:25 Yoga & Health
07:49 Myanmar Family Life: Everyone has Own Hobbies
08:01 News
08:27 Lifestyle & Entertainment (Weekly Updates)
08:36 A Great Musician of A Horn Violin
09:01 Quiz Time (Ep-66)
10:01 News

**MEntertainment**

၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက(ရှမ်း)
၀၆:၄၅ မြန်မာသံစဉ်တေးများ
၀၇:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟန်ဆောင်အပြုံးနဲ့အမုန်း'** (အပိုင်း-၂၇)
၀၇:၄၅ စတီရီယိုတေးများ
၀၈:၀၅ ဟိုးတုန်းကကက်ဆက်ဇာတ်လမ်းများ 'ဂျွန်မျိုးမိုးပျံ နဂါးမှန်မြေလျှိုး'
၀၉:၁၀ ဝတ်စားဆင်ယင်မှု+သီချင်း
၀၉:၂၅ မြန်မာရုပ်ရှင်(ဖြူမည်း) **'တစ်ကျော့နှစ်ကျော့တေးကိုသီ'**

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၁၆)
**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဂေါ်ရန်ဂျီကျွန်းသဘာဝအလှ (အပိုင်း-၂)
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ထမင်းရည်ရဲ့အာနိသင်အကြောင်းသိကောင်းစရာ
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာ တောင်တန်းဒေသ
**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
ချင်း(ချိုး) ဝတ်စားဆင်ယင်မှုများ (အပိုင်း-၁)
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်းအမျိုးသမီးများ၏ ပါးရဲထိုးခြင်းဓလေ့
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
စကားပုံများမှ မှတ်သားစရာ (ပိုင်ရှင်ပြောတော့နသေးလိုချင်သူအတွက်တော့ရင့်မှည့်ပြီ)
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
အရိုးချေလက်ရာ (ငါးအိုးကပ်ချက်နှင့် သခွားသီးသုပ်)
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ကလီစာ၏ ကောင်းကျိုးဆိုးကျိုးများ
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
တောင်ပေါ်မြို့ကပြာရည်ထုပ်
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ကချင်တိုင်းရင်းသားမနောအကဆွယ်ကာဝ်

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၉:၄၅ လူငယ်တို့အတွက် လမ်းပြကြယ်
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၁၅ Bird's Eye View
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၉:၄၅ ဖွေရှာလေ့လာအေအိုင်နည်းပညာ (အပိုင်း-၁၁)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **'ကိုရီးယားနိုင်ငံ'**
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အတုမှန်းသိလျက်လက်ရှိထားမှု'**
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **'ဝင်ကာပူနိုင်ငံ'**
၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **'ဂျပန်နိုင်ငံ'**
၁၁:၀၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၆၆)

**MRTV FARMERS' HD**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ တန်ဖိုးရှိသော မြန်မာ့ထုတ်ကုန်များဆီသို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၂၀ What a Day on the Homestead ACTUALLY Looks Like
၁၉:၀၀ Thatched Living - A Nostalgic Future
၂၀:၀၀ ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ် (ဇာတ်လမ်း)
၂၂:၀၀ Suzume (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HD**

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၃၀ Yoga
၁၂:၀၀ FIFA MFF U-19 Youth League (Replay) Generations Vs MIU
၁၇:၀၀ အားကစားသတင်း

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အမည်ခံ အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



နေပြည်တော် ဇွန် ၂၀

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေများအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အမည်ခံအဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဖေယျာသီရိခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာပုဒ်မများနှင့်ပတ်သက်သည်များကို အသိပညာပေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ၂၄ ဦးတို့ကို တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံကာ ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ကျေးရွာအတွင်း အကြောင်းမဲ့ပစ်ခတ်ခြင်း၊ မိုင်းထောင်ခြင်းများကြောင့် ကလေးငယ် တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၂၀

PDF အမည်ခံ အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများ ထိခိုက်ဒဏ်ရာ ရရှိစေရန်နှင့် အကြောက်တရားများ လွှမ်းမိုးစေရန် ရည်ရွယ်၍ ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများနှင့် အများပြည်သူသွားလာအသုံးပြုနေသည့် လမ်းများပေါ်၌ မိုင်းထောင်ထားခြင်း၊ ဖောက်ခွဲခြင်းများအား ဆင်ခြင်တုံတရားကင်းမဲ့စွာပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဝသုန္ဒရကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက အများပြည်သူထိခိုက်စေရန် ရည်ရွယ်၍ လက်နက်ကြီးဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်နက်ကြီးဖုံးသီးများမှာ ကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ကျေးရွာနေသူများဖြစ်ကြသည့် ဦးခင်မင်းဇော် (၅၈) နှစ်၊ ဦးစောထွန်း (၅၅) နှစ်၊ ဦးစိုးဇော်ဦး (၃၈)နှစ်၊ ဦးမြင့်ကို (၅၉)နှစ်နှင့် မဇူးရတနာကို (၃) နှစ်တို့ ငါးဦးတွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၈ နာရီတွင် မတ္တရာမြို့နယ် လက္ကောင်းလေးကျေးရွာနေ ဦးသောင်းဌေး (၅၃) နှစ်သည် ကျေးရွာ၏အရှေ့ဘက်ရှိ ချောင်း၌ ငါးဖမ်းရန်သွားစဉ် ကျေးရွာနှင့် သုံးဖာလုံခန့်အကွာ အရောက် PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် နင်းမိုင်းတစ်လုံးကို နင်းမိပေါက်ကွဲခဲ့သဖြင့် ဦးသောင်းဌေးတွင် ယာခြေသလုံးအောက်မှ ပြတ်ထွက်ဒဏ်ရာ တစ်ချက်ရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ PDF အမည်ခံအကြမ်းဖက်သမားများ ပစ်ခတ်လိုက်သည့် လက်နက်ကြီးဖုံးသီးကျရောက်ပေါက်ကွဲမှုနှင့် နင်းမိုင်း ပေါက်ကွဲမှုတို့ကြောင့် ထိခိုက်ဒဏ်ရာ ရရှိသူများအား မန္တလေး ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးကာ လိုအပ်ချက်များအပေါ် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ PDF အမည်ခံအကြမ်းဖက်သမားများက အပြစ်မဲ့အရပ်သားပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ အများပြည်သူ သွားလာလှုပ်ရှားနေသည့်နေရာများ၌ မိုင်းထောင်ဖောက်ခွဲခြင်းများအား ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်ခဲ့မှုများကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာ ရရှိခဲ့မှုအပေါ် ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက် ရှိကြောင်း သိရသည်။ **သတင်းစဉ်**




မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ကျေးရွာအတွင်း အကြောင်းမဲ့ပစ်ခတ်ခြင်း၊ မိုင်းထောင်ခြင်းများကြောင့် ကလေးငယ် တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့မှုမှတ်တမ်းဓာတ်ပုံ။

# အမျိုးသမီးများကို တရုတ်ယောကျ်ားယူရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇွန် ၂၀

အမျိုးသမီးများကို တရုတ်ယောကျ်ားယူရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ်(၂၀) စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မဂ္ဂ(၂)ရပ်ကွက်နေ ပြည့်ဖြိုးကျော် (ခ) ကိုစိုင်းက ရှမ်းပြည်နယ် နောင်ချိုမြို့နေ မ-----၊ ၂၆/၂၀၂၅ နှစ်အား တရုတ်မယားအဖြစ် ခြောက်လလုပ်ကိုင်ပါက ယွမ် ၁၇၀၀၀ ပေးမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်နိုင်ငံ နောင်တောင်းကျေးရွာရှိ တရုတ်ပွဲစားနေအိမ်သို့ ပို့ဆောင်ပေးခဲ့ပြီးနောက် လက်ထပ်ဗီဇာပြုလုပ်ရန် မန္တလေးမြို့သို့ လာရောက်ရန် စီစဉ်ပေးခဲ့ကြောင်း၊ ထို့နောက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နေ မ-----၊ ၂၂/၂၀၂၅ နှစ်အားလည်း တရုတ်ယောကျ်ားယူပြီး သုံး၊ လေးလ နေပြီးပါက ပြန်၍ရသည်ဟု လူမှုကွန်ရက် Tiktok မှတစ်ဆင့် စည်းရုံးပြောဆို၍ တရုတ်နိုင်ငံ ရွှေလီမြို့ရှိ ပွဲစားနေအိမ်မှတစ်ဆင့် တရုတ်နိုင်ငံသား ရှိကြီးဝေထံသို့ ပို့ဆောင်ပေးခဲ့ပြီးနောက် လက်ထပ်ဗီဇာပြုလုပ်ရန် မန္တလေးမြို့သို့လာရောက်ရန် ထပ်မံစီစဉ်ပေးခဲ့သည့်အပြင် ပြည့်ဖြိုးကျော်(ခ)ကိုစိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ ဆုလတ်(ခ)ကေကေမိုးနှင့် ရှမ်းပြည်နယ် မူဆယ်မြို့နေ သက်သက်အေးတို့နှင့်ပူးပေါင်း၍ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နေ မ----၊ ၂၈/၂၀၂၅ နှစ်အား တရုတ်မယားလုပ်ကိုင်ပါက ငွေကျပ်သိန်း ၈၀ ပေးမည်၊ တရားမဝင်သွားရောက်ရမည်၊ မိဘများထံ လာရောက်တောင်းယူပြီးပါက ငွေများပေးမည်၊ ခြောက်လ ပေါင်းသင်းရမည်ဟု ပြောဆိုစည်းရုံး၍ လက်ထပ်ဗီဇာပြုလုပ်ရန် မန္တလေးမြို့သို့ အလားတူပို့ဆောင်ပေးခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁) နယ်မြေရဲစခန်း (ပ)၂၄/၂၀၂၅ နှင့် (ပ)၂၅/၂၀၂၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ-၃၅ နှင့် (ပ)၂၆/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ-၃၅/၄၄ တို့ဖြင့် အမှု သုံးမှု ရေးဖွင့်တရားစွဲတင်ခဲ့သည်။

မဟာအောင်မြေခရိုင်တရားရုံးက ဇွန် ၁၉ ရက်တွင် တရားခံ ပြည့်ဖြိုးကျော်(ခ) ကိုစိုင်းအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ-၃၈(က) အရ အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ ကျခံစေရန်နှင့် တိမ်းရှောင်တရားခံ ဆုလတ်(ခ)ကေကေမိုးနှင့် သက်သက်အေးတို့အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့နယ်နှင့် ညောင်ရွှေမြို့နယ်တို့ရှိ ငါးမွေးတောင်သူများထံ ငါးသားပေါက်များထောက်ပံ့ပေးအပ်



ညောင်ရွှေ ဇွန် ၂၀

ရာဂီမုန်တိုင်းကြောင့် ရှမ်းပြည်နယ်အတွင်း ပျက်စီးဆုံးရှုံးသွားသည့် ငါးမွေးကန်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ညောင်ရွှေမြို့နယ်နှင့် တောင်ကြီးမြို့နယ်တို့ရှိငါးမွေးတောင်သူများထံ ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ညောင်ရွှေမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူးက ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ညောင်ရွှေမြို့နယ်နှင့် တောင်ကြီးမြို့နယ်အတွင်းရှိ ငါးမွေးတောင်သူများထံ ရွှေဝါငါးကြင်းနှင့် ငါးမြစ်ချင်းကောင်ရေ စုစုပေါင်း ၆၀၆၄၄၀ ကို ထောက်ပံ့ပေးအပ်ကြရာ ငါးမွေးတောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ညောင်ရွှေမြို့နယ် ပေါင်းပိန်းကျေးရွာအုပ်စုတွင် ၂၀၂၅ – ၂၀၂၆ ခုနှစ် နွေစပါး၊ မိုးစပါး၊ မြေပဲ၊ ချက်ကြံ၊ အစေ့ထုတ်ပြောင်းသီးနှံများ ရေကြီးနစ်မြုပ်ခဲ့မှုနှင့် ဝင်ရောက်နေသော ရေများကို စက်များဖြင့် စုပ်ထုတ်နေမှုတို့ကို လည်းကောင်း၊ တိလောကျေးရွာအုပ်စုရှိ စိုက်ပျိုးထားသော လယ်များရေနစ်မြုပ်ခဲ့မှုကို လည်းကောင်း၊ ရွှေညောင် – ညောင်ရွှေကားလမ်းမကြီး ရေကြီးရေလျှံ မဖြစ်စေရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက နဒီကန်အတွင်း စီးဝင်သောချောင်းအတွင်း သဲနုန်းများ တူးဖော်၍ တာပေါင်မြှင့်တင်ဆောင်ရွက်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုပြီး တောင်သူများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဟသ်ာတမြို့နယ်၌ အခွန်ဆိုင်ရာသိကောင်းစရာများ ရှင်းလင်းဆွေးနွေး

ဟသ်ာတ ဇွန် ၂၀

ဧရာဝတီ တိုင်းဒေသကြီး ဟသ်ာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းက အခွန်ဆိုင်ရာကိစ္စရပ်များနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။



အခမ်းအနားတွင် ပြည်တွင်းအခွန်များဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးညီညီလှိုင်က အမှာစကားပြောကြားပြီး ဟသ်ာတမြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်နော်ခူးဝါးဖောက အခွန်ဆိုင်ရာ တည်ဆဲဥပဒေများနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် အခွန်ထမ်းပြည်သူများနှင့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ထွန်း၊ ဟသ်ာတမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အခွန်ထမ်း ပြည်သူများနှင့် မြို့ပေါ်လုပ်ငန်းရှင်များ ၂၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကျုံပျော်မြို့နယ် မီးသတ်ဦးစီးဌာနက ရေပြင်အသက်ကယ်သရုပ်ပြပွဲ ကျင်းပ

ကျုံပျော် ဇွန် ၂၀

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မီးသတ်ဦးစီးဌာနက ဦးဆောင်ကာ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရေပြင်အသက်ကယ်သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကျုံပျော်မြို့ ဒါးကချောင်း ရေပြင်၌ ပြုလုပ်သည်။

သရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းဇော်လွင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ တက်ရောက်ကြသည်။ ဦးစွာ ဒုတိယဦးစီးမှူး ဦးသန်းဇော်လွင်က ရေပြင်ကယ်ဆယ်ရေး သရုပ်ပြဆောင်ရွက်မည့် အစီအစဉ်များနှင့် ရေပြင်ခရီးသွားလာရာတွင် အသက်ကယ်အင်္ကျီဝတ်ဆင်ပုံနည်းလမ်းများကို ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများအား သဘာဝဘေးနှင့် ရေဘေးအန္တရာယ်များ ကျရောက်ပါက ရေနစ်သူအား ကယ်ဆယ်ခြင်း၊ အသက်ကယ်အင်္ကျီဝတ်ဆင်အသုံးပြုနည်းနှင့် အခြားအသက်ကယ်ပစ္စည်းများအသုံးပြု၍ အန္တရာယ်ကျရောက်မှုမရှိအောင် ဆောင်ရွက်နည်းတို့ကို မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြသခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဇွန် ၂၀

ယနေ့ည ၇ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ




ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၌ မြို့နယ်အခွန်ဦးစီးမှူး ဒေါ်စံပယ်အောင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင့်ဝေတို့ ဦးဆောင်၍ တာဝန်ရှိသူများက ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် ပြေစာအမှတ်တံဆိပ်ကပ်နှိပ်သော ဆိုင်များ၌ အခွန်ဆိုင်ရာအသိပညာပေး ကြေညာချက်ဗီနိုင်း ချိတ်ဆွဲခြင်းနှင့် စစ်ဆေးခြင်းများဆောင်ရွက်စဉ်။

ကျော်ဆန်းမြင့်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၆-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၀ | ၃၀၇၀ | ၃၀၄၀ | ၂၉၇၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၀၀ | ၃၀၃၀ | ၄၅၀၅ | ၃၃၂၅ | ၃၀၄၅ | ၃၀၅၀ | ၃၁၂၀ | ၃၀၈၅ | ၃၁၀၅ | ၃၃၆၀ |
| 95 Ron | ၃၀၃၀ | ၃၁၄၅ | ၃၁၁၀ | ၃၀၄၅ | ၃၁၅၀ | ၃၁၆၅ | ၃၁၈၅ | ၃၁၀၅ | ၄၅၆၀ | ၃၃၉၅ | ၃၁၂၀ | ၃၁၂၀ | ၃၁၉၀ | ၃၁၅၅ | ၃၁၈၀ | ၃၄၃၅ |
| HSD (500 ppm) | ၂၅၀၀ | ၂၆၁၅ | ၂၅၈၀ | ၂၅၁၅ | ၂၆၂၀ | ၂၆၃၅ | ၂၆၅၅ | ၂၅၇၀ | - | ၂၈၆၅ | ၂၅၉၀ | ၂၅၉၀ | ၂၆၆၀ | ၂၆၂၅ | ၂၆၅၀ | ၂၉၀၅ |
| HSD (50 ppm) | ၃၁၀၀ | ၃၂၁၅ | ၃၁၈၀ | ၃၁၁၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၅၅ | ၃၁၇၀ | ၄၈၃၀ | ၃၄၆၅ | ၃၁၉၀ | ၃၁၉၀ | ၃၂၆၀ | ၃၂၂၅ | ၃၂၄၅ | ၃၅၀၅ |
| HSD (10 ppm) | ၃၁၀၀ | ၃၂၁၅ | ၃၁၈၀ | ၃၁၁၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၅၅ | ၃၁၇၀ | - | ၃၄၆၅ | ၃၁၉၀ | ၃၁၉၀ | ၃၂၆၀ | ၃၂၂၅ | ၃၂၄၅ | ၃၅၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၀ | ၂၈၀၀ |
| 95 Ron | ၂၈၆၁ | ၂၉၅၂ |
| HSD (500 ppm) | ၂၃၄၇ | ၂၄၂၄ |
| HSD (50 ppm) | ၂၉၂၉ | ၃၀၀၇ |
| HSD (10 ppm) | ၂၉၂၉ | ၃၀၀၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ပုဗ္ဗသီရိ- တပ်ကုန်းလမ်းနှင့် ရန်ကုန်-မန္တလေး လမ်းဟောင်းအတွင်းရှိ လယ်ယာမြေများအပေါ်တွင် ရာသီပြည့်သီးနှံစိုက်ပျိုးနိုင်ရေး ဆွေးနွေး



တပ်ကုန်း ဇွန် ၂၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ပုဗ္ဗသီရိ-တပ်ကုန်းလမ်းနှင့် ရန်ကုန်-မန္တလေးလမ်းဟောင်းအတွင်းရှိ လယ်ယာမြေများအပေါ်တွင် နွေ၊ မိုး၊ ဆောင်း ရာသီပြည့် သီးနှံစိုက်ပျိုးနိုင်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ပုဗ္ဗသီရိ-တပ်ကုန်းလမ်းနှင့် ရန်ကုန်-မန္တလေး လမ်းဟောင်းအတွင်းရှိ လယ်ယာမြေများအပေါ်တွင် နွေ၊ မိုး၊ ဆောင်း ရာသီပြည့် သီးနှံစိုက်ပျိုးနိုင်ရေးအတွက် အုပ်စုအဖွဲ့ကော်မတီအဖွဲ့ဝင်များအနေဖြင့် စိုက်ပျိုးရေးတောင်သူများနားလည်အောင် ရှင်းပြဆောင်ရွက်ရေး၊ မျိုး၊ မြေ၊ ရေ၊ နည်းလမ်းများ ကောင်းမွန်အောင်ဆောင်ရွက်ရေး၊ စိုက်ဘဏ်ချေးငွေများ အချိန်မီထုတ်ချေးနိုင်ရေး၊ မျိုးစေ့၊ မြေဆီ သွင်းအားစုကုမ္ပဏီများမှ တောင်သူများ စိုက်ပျိုးချိန်မီအဆင်ပြေအောင် ဆောင်ရွက်ပေးရေး ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးမင်းထွန်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူတို့က ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ရွာကုန်းကွင်းအတွင်း ပဲတီစိမ်းစိုက်ခင်း၊ နှမ်းစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တင်စိုးလွင်

# ဟိုပုံးမြို့နယ်၌ ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်



ဟိုပုံး ဇွန် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် အစားထိုး အသေးစားကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေး ဆောင်ရွက်မည့်လုပ်ငန်း မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျောက္ကချားကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာ သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချလျက်ရှိပါကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်းတွင် သာမန်လျာထားသင်တန်းများအပြင် လုပ်ငန်းရှင်များဖြစ်သည်အထိ မွေးထုတ်ပေးမည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုများဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်း ခုနစ်မျိုးအနက် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရေးဆောင်ရွက်မည့် လုပ်ငန်း၊ အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရေးဆောင်ရွက်မည့်လုပ်ငန်း၊ အစားထိုး အသေးစားကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေးလုပ်ငန်းစသည့်စီမံကိန်းလုပ်ငန်းအမျိုးအစား သုံးမျိုးကို ကျေးရွာ တစ်ရွာလျှင် စီမံကိန်း တစ်ခုနှင့် ငွေကျပ် ၁၂ သန်းဖြင့် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း စီမံကိန်း ခြောက်ခု စုစုပေါင်း ငွေကျပ် ၇၂ သန်းဖြင့် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးက သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းသားများအား သင်တန်းသုံးပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် သင်တန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုပြီး သင်တန်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ အဆိုပါ သင်တန်းကို ဇွန် ၂၀ ရက်မှ ဇူလိုင် ၁၉ ရက်အထိ စာတွေ့/လက်တွေ့ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

# ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဇွန် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၁ - ၆ - ၂၀၂၅ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၇)၊ အမှတ်(၂၅)တွင် လူတို့က သစ်ပင်များကို စည်းကမ်းမဲ့ခုတ်ထွင်မှုကြောင့် သဘာဝတောတောင်များ ပျက်စီးရကြောင်းကို သရုပ်ဖော်ထားသည့် "ဖိုးချို သိလိုက်သော အသိ"မျက်နှာဖုံးကာတွန်း၊ ကလေးများအနေဖြင့် Vape နှင့် E-cigarette သောက်သုံးခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကိုသိရှိကာ ရှောင်ကြဉ်သင့်ကြောင်း ပညာပေးရေးသားထားသည့် "Vape သို့မဟုတ် E-cigarette အကြောင်း သိကောင်းစရာ"သုတဆောင်းပါး၊ ကလေးတို့ ပေးပို့သော ပန်းချီလက်ရာများကို ထည့်သွင်းဖော်ပြပေးထားသည့် "ရွှေသွေးတို့လက်ရာ"ကဏ္ဍ၊ မိမိအတွက် အန္တရာယ်မကင်းသော အလုပ်ကို လုပ်ကိုင်မိ၍ အသက်ဘေးနှင့် ကြုံတွေ့ခဲ့ရသော မျောက်အကြောင်းကို သရုပ်ဖော်ထားသည့် "မျောက်နှင့် ပိုက်ကွန်" နှစ်မျက်နှာကာတွန်း၊ နံရံကပ်စာစောင်ပြိုင်ပွဲတွင် တစ်ကိုယ်ကောင်းစိတ်မထားဘဲ အခြားသူများ၏ လက်ရာများကို မျှမျှတတ ထည့်သွင်းကာ ဖော်ပြပေးခဲ့၍ ပထမဆုရခဲ့သော မြတ်ဝေတို့အဖွဲ့အကြောင်းကို ရေးသားထားသည့် "ပထမဆုရသော နံရံကပ်စာစောင်"ဝတ္ထုကဏ္ဍ၊ ကြက်သားဟင်းကို ညီအစ်ကိုသုံးယောက် မျှမျှတတ ခွဲဝေမစားဘဲ တစ်ကိုယ်ကောင်းဆန်ကာ မိမိတို့သာ ပိုစားလိုသော အစ်ကိုနှစ်ယောက်၏ ကောက်ကျစ်မှုကြောင့် ကြက်သားဟင်း မစားလိုက်ရသော ညီအစ်ကိုနှစ်ယောက်အကြောင်းကို ရေးသားထားသည့် "အကောင်းဆုံး အိပ်မက်" ပုံပြင်ကဏ္ဍ၊ ကလေးငယ်၏ ဉာဏ်ကောင်းမှုကြောင့် အကြံအိုက်သွားရသော ဖြိုးရဲအကြောင်းကို သရုပ်ဖော်ထားသည့် "ဖြိုးရဲ - ကူညီမယ်" နှစ်မျက်နှာကာတွန်း၊ အီဒီယမ်အသုံးများအပါအဝင် Two-word Verb ဟု ခေါ်သော Phrasal Verb များ၏ အသုံးများနှင့်ပတ်သက်သည့် အင်္ဂလိပ်စကားပြောများကို ရေးသားထားသော "အခြေခံလိုအပ်သည့် အီဒီယမ်"အင်္ဂလိပ်စာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# တိုက်ကြီးမြို့နယ်၌ မိုးစပါးအပြည့်အဝစိုက်ပျိုးရေးနှင့် လယ်ယာကဏ္ဍရည်မှန်းချက်များ အောင်မြင်စေရေးဆွေးနွေး

တိုက်ကြီး ဇွန် ၂၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် မိုးစပါးအပြည့်အဝစိုက်ပျိုးရေး၊ လယ်ယာကဏ္ဍရည်မှန်းချက်များ အောင်မြင်စေရေးအတွက် မိုးစပါးစိုက်ပျိုးသည့် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီက ရင်းတိုက်ကွင်းကျေးရွာအုပ်စု ရွှေခေတ်သစ်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသူအောင်က ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိုးစပါးအပြည့်အဝစိုက်ပျိုးကြရေးနှင့် လယ်ယာမြေများအား တန်ဖိုးထားထိန်းသိမ်းရေး ရည်မှန်းသည့် ပန်းတိုင်အထွက်နှုန်းများ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားပြီး ခရိုင်စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းခိုင်က လယ်ယာမြေနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်က လယ်ယာကဏ္ဍ မူဝါဒအရ ဆောင်ရွက်ရမည့် သီးထပ်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ အဓိက သီးနှံ ၁၀ မျိုးကို ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းများ ပြည့်မီအောင် ဆောင်ရွက်ကြရေး၊ ဆီထွက်သီးနှံများကို အလေးထားတိုးချဲ့စိုက်ပျိုးရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးတောင်သူများအနေဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ICT အား ချဉ်းကပ်အသုံးပြု ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ခရိုင်စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသူအောင်နှင့် တာဝန်ရှိသူများက အောင်နိုင်တိုးမျိုးစပါးပြန့်ပွားရေးအတွက် စိုက်ပျိုးသူတောင်သူ သုံးဦးကို မျိုးစေ့များထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





# ရေတာရှည်မြို့နယ်၌ အမှိုက်များစနစ်တကျခွဲခြားစွန့်ပစ်ခြင်းနှင့် ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြ

ရေတာရှည် ဇွန် ၂၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ အမှိုက်များစနစ်တကျ ခွဲခြားစွန့်ပစ်ခြင်း အသိပညာပေးသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက မြောက်နန်ချွန် အထက(ခွဲ)၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ငူခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးယဉ်ဦးမောင်က အမှိုက်ခြောက်၊ အမှိုက်စို၊ အန္တရာယ်ရှိသောအမှိုက်နှင့် ပလတ်စတစ်အမှိုက်များကို ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးရှင်းလင်းပြောကြားခဲ့ပြီး ကျောင်းသား ကျောင်းသူများက လက်တွေ့သရုပ်ပြသခဲ့ကြသည်။

ဆက်လက်ပြီး အထက-ရေတာရှည်တွင် ငလျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အသိပညာပေးဟောပြောခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဘားအံမြို့၌ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၃)နှစ်အောက် အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ဘားအံ ဇွန် ၂၀

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၃)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဘားအံမြို့ လှာကမြင်ကွက်သစ် ဇွဲကပင်အားကစားကွင်းရှိ မိုးလုံလေလုံအားကစား ခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူ ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာန ဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမ များ၊ ပိုက်ကျော်ခြင်းအားကစားဝါသနာရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှုအားပေး ကြသည်။

**ချီးမြှင့်ပေးအပ်**

ပြိုင်ပွဲမစတင်မီ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်း အသင်း ခုနစ်သင်းမှ အားကစားသမားများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ပိုက်ကျော်ခြင်း အားကစားအသင်း တစ်သင်းကို ငွေကျပ်သိန်း ၂၀ စီ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ဘားအံမြို့နယ်အသင်းနှင့် မြဝတီ မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘားအံ မြို့နယ်အသင်းက နှစ်ပွဲတစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# မွန်ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဥပဒေရုံးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မော်လမြိုင် ဇွန် ၂၀

မွန်ပြည်နယ် မော်လမြိုင် မြို့တွင် ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဥပဒေရုံး များ၏ လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်ဥပဒေချုပ်ရုံး အစည်း အဝေးခန်းမ၌ ကျင်းပသည်။



**ပြောကြား**

ဦးစွာ မွန်ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်က ဒီမိုကရေစီတွင် ဥပဒေကို အဓိကထား လိုက်နာ ကြရမည်ဖြစ်၍ ဥပဒေအသိပညာ ပေးခြင်းကို ပြည်သူများ၊ အစိုးရ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ လူမှုဝန်ထမ်း ပရဟိတ အသင်းအဖွဲ့ များ၊ ကျောင်းသား ကျောင်းသူ များထံသို့ ဥပဒေသဘောတရား များနှင့် နိုင်ငံတော်က ပြဋ္ဌာန်းထား သော တည်ဆဲဥပဒေများကို သိရှိလိုက်နာ သဘောပေါက် အောင် သက်ဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ညှိနှိုင်း၊ ဟောပြော၊ ပညာပေး သင်တန်း များ အစဉ်တစိုက် ပို့ချသွားကြ ရန်လိုအပ်ကြောင်း ပြောကြား သည်။

ဆက်လက်၍ ပြည်နယ်/ခရိုင်/ မြို့နယ် ဥပဒေအရာရှိများက မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက် များ၊ အခက်အခဲများ၊ လိုအပ်ချက် များကို တင်ပြဆွေးနွေးခဲ့ကြရာ ပြည်နယ် ဥပဒေအရာရှိက ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြည်နယ်ဥပဒေချုပ်က လိုအပ် သည်များကို ဖြည့်စွက်၍ ပြန်လည် ရှင်းလင်းဆွေးနွေးကာ နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ရွှေပြည်သာမြို့နယ်၌ ခရိုင်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရွှေပြည်သာ ဇွန် ၂၀

၂၀၂၅ ခုနှစ် မိုးရာသီကာလ လူထုလှုပ်ရှားမှုအသွင်ဖြင့် ခရိုင်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ခရိုင်သစ်တောဦးစီးဌာနက ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အထက( ခွဲ ) အလက(၆) ကျောင်းဝင်းအတွင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**စိုက်ပျိုး**

ဦးစွာ မင်္ဂလာဒုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းညွှန့်နှင့် တာဝန်ရှိသူများက ပျိုးပင်များကို တာဝန်ရှိသူများထံ ပေးအပ်သည်။ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် မင်္ဂလာဒုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကောင်းညွှန့်၊ ရွှေပြည်သာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက ကံ့ကော်၊ ပိတောက်၊ မဟော်ဂနီ၊ မန်ကျည်းရှား၊ မည်စည်နှင့် ပျဉ်းမပင် စုစုပေါင်း ပျိုးပင် ၅၃၁ ပင်ကို စိုက်ပျိုး ကြသည်။

ထို့နောက် တက်ရောက်လာသူများက သစ်ပင်များကို ပျော်ပျော် ပါးပါး စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# သနပ်ပင်မြို့နယ်၌ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

သနပ်ပင် ဇွန် ၂၀

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် မြို့နယ်ငါးလုပ်ငန်းဦးစီး ဌာနက ပဲခူး-စစ်တောင်းတူးမြောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုဂံညောင်ပင်ရေလွှဲပေါက်ချောင်း ၌ ပြုလုပ်သည်။



**ငါးမျိုးစိုက်ထည့်**

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသန်းနှင့် အဖွဲ့ဝင်များ၊ သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ပဲခူး-စစ်တောင်းတူးမြောင်းအတွင်းသို့ ရွှေဝါ ငါးကြင်းသားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ငါးမြစ်ချင်းသားပေါက် ကောင်ရေ ၁၀၀၀၀၀နှင့် ငါးခုံးမသားပေါက်ကောင်ရေ ၅၀၀၀၀ စုစုပေါင်းကောင်ရေ ၂၅၀၀၀၀ အား ပဲခူး-စစ်တောင်းတူးမြောင်း အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

**✪ MNL မှ**

အောက်ရပ်တည်နေသည့် နှစ်သင်း တွေ့ဆုံ ခြင်းဖြစ်ပြီး ရတနာပုံအသင်းမှာမူ အမှတ် ကွာဟမှု လျှော့ချနိုင်မည့်အခွင့်အရေး လက်လွှတ်ခဲ့ရသည်။ သစ္စာအားမာန်အသင်း အတွက် အနိုင်ဂိုးများကို ၁၇၊ ၉၀+၂ မိနစ်တွင် ခန့်ဘုန်းနိုင်၊ ၄၈ မိနစ်တွင် အိုကေချေစ်တို့က သွင်းယူပြီး ရတနာပုံအသင်းအတွက် ချေပဂိုး တစ်ဂိုးကို ၂၄ မိနစ်တွင် အံ့နိုင်ဖြိုးက သွင်းယူ သည်။

ဇဟန်းမြက်ခင်းတုကွင်း၌ ကျင်းပသည့် ပွဲတွင် Junior Lions အသင်းက ဟံသာဝတီ ယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Junior Lions (ခ) မြန်မာ ယူ-၁၉ လူငယ်လက်ရွေးစင်အသင်းသည် ဂိုးပြတ်နိုင်ပွဲဖြင့် နိုင်ပွဲပြန်လည်ရရှိခဲ့သည်။ Junior Lions အသင်းအတွက် ဂိုးများကို သုံးမိနစ်တွင် သော်ဇင်ကို၊ ၅၂ မိနစ်တွင် သူရမင်းသန့်၊ ၇၃ မိနစ်တွင် ခန့်ဝင်းအောင်တို့က သွင်းယူပြီး ဟံသာဝတီယူနိုက်တက်အသင်း အတွက် ချေပဂိုးကို မိနစ် ၉၀ တွင် ကောင်းမြတ် အောင်က သွင်းယူခဲ့သည်။

ပွဲစဉ်(၉) အပြီးတွင် ရန်ကုန်ယူနိုက်တက် အသင်းက ရမှတ် ၂၄ မှတ်ဖြင့် ဦးဆောင်နေပြီး အား/ကာသိပွဲအသင်းက ၂၂ မှတ်၊ လက်ရှိ ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံစတား ယူနိုက်တက်အသင်းတို့က ရမှတ် ၂၀ စီ၊ ရာမညယူနိုက်တက်အသင်းက ၁၆ မှတ်၊ Junior Lions နှင့် သစ္စာအားမာန်အသင်းတို့က ၁၅ မှတ်စီ၊ ဧရာဝတီယူနိုက်တက်အသင်းက ၁၂ မှတ်၊ ရတနာပုံအသင်းက ၁၀ မှတ်၊ Falcon အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းက ရှစ်မှတ်စီ၊ ဟံသာဝတီယူနိုက်တက်အသင်းက ခုနစ်မှတ်၊ Dagon Port အသင်းနှင့် မဟာ ယူနိုက်တက်အသင်းတို့က တစ်မှတ်စီရရှိထားသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

**■ အက်သလက်မှ**

ပီအက်စ်ဂျီအသင်းနဲ့ ဘိုတာဖိုဂိုအသင်းတို့ပွဲစဉ်မှာ ဘရားဇီးကလပ် ဘိုတာဖိုဂိုအသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။ ဘိုတာဖိုဂိုအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲကစားချိန် ၃၆ မိနစ်မှာ တိုက်စစ်မှူး အီဂါဂျီးဆပ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဘိုတာဖိုဂိုအသင်းဟာ လက်ရှိ အုပ်စု(B)မှာ နှစ်ပွဲကစား နှစ်ပွဲစလုံး အနိုင်ရရှိထားတဲ့ အသင်းဖြစ်တာကြောင့် ရှုံးထွက်အဆင့်တက်ရောက်ခွင့် ရရှိတော့မှာ ဖြစ်ပါတယ်။ ဘိုတာဖိုဂိုအသင်းဟာ အုပ်စုအဆင့် နောက်ဆုံး ပွဲစဉ်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းကတော့ ဘိုတာဖိုဂိုအသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ် သုံးမှတ်ရရှိထားတာကြောင့် နောက်တစ်ဆင့်တက်ရောက်နိုင်မယ့်အသင်းအဖြစ် ရေပန်းစားနေဆဲ ဖြစ်ပြီး ပီအက်စ်ဂျီအသင်းဟာ လာမယ့်ပွဲစဉ်မှာ ဆီတယ်ဆောင်းဒါးစ် အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

**ငွေကြယ်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅၄ သမိုင်း၊ မြေအမျိုးအစား-B-အိမ်ရာမြေ၊

(၁) မြေကွက်အမှတ်-၁၂/ B-၂ ၊ ဧရိယာ(၀.၀၆၆) ဧက၊

(၂) မြေကွက်အမှတ်-၁၂/ B-၃ ၊ ဧရိယာ(၀.၀၇၂) ဧက၊

ရှိ မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အမှတ်(၉)၊ ဦးလွန်းမောင်လမ်းသွယ်(၂)လမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် (၂)ထပ် RC တိုက် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်း အမည်ပေါက်ပိုင်ရှင်များဖြစ်သည့် ဦးမြတ်နိုးရင် [၁၂/ကမရ(နိုင်)၀၁၃၉၃၆]နှင့် ဒေါ်ယုဇနရင် [၁၂/ကမရ(နိုင်)၀၁၃၉၄၀]တို့ထံမှ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်သန်းသန်း [၅/စကန(နိုင်)၀၈၆၈၅၄]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ( စဉ်-၇၃၄၁)**
**အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၉/A-B)၊မြေကွက်အမှတ်(ထ/၁၁၆)၊မြေကွက်တည်နေရာအမှတ်(ထ/၁၁၆)၊ရာဇမိရာဇ်လမ်း၊(၃၉/A-B)၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ဦးဌေးမြင့်(EMGI-၁၀၇၉၆၀)အမည်ပေါက်၊နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်ဦးဌေးမြင့်(EMGI-၁၀၇၉၆၀)မှဂရန်၊နိုင်/ကတ်တို့တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာမြေစာရင်းမှတ်ချက်(၁)ရှိစာအမှတ်-၁၀၅၅/၃၃၇၊မတဘ/ငွေချေး(၂၆-၈-၉၉)အရမြို့တော်ဘဏ်တွင်ချေးငွေရယူထားခြင်းနှင့်ပတ်သက်၍ရှင်းလင်းတင်ပြရန်အကြောင်းကြားခဲ့ရာ(၁၉၉၉)ခုနှစ်တွင်ဘဏ်ချေးရန်မြေပုံအားလျှောက်ထားခဲ့ပြီးထုတ်ယူခဲ့ပါကြောင်း၊မြို့တော်ဘဏ်တွင်ချေးငွေလျှောက်ထားခဲ့သော်လည်းဘဏ်ချေးငွေထုတ်ယူသုံးစွဲခဲ့ခြင်းမရှိပါကြောင်း၊ဘဏ်ချေးမြေပုံမူရင်းမှာလည်း၁၉၉၉ခုနှစ်ကထုတ်ယူခဲ့သည့်မြေပုံဖြစ်သည့်အတွက်၎င်း၏လက်ဝယ်တွင်ရှာဖွေတွေ့ရှိခြင်းမရှိတော့ပါကြောင်း၊မြေကွက်နှင့်ပတ်သက်၍ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက၎င်းမှတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်းဌာနဝင်စာအမှတ်(၄၀၈၄/၂၀၂၅)(၂၃-၄-၂၀၂၅)ရက်စွဲပါစာဖြင့်ကျမ်းကျိန်လွှာပူးတွဲ၍တင်ပြလာပါသဖြင့်ဦးဌေးမြင့်မှအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊လေးထောင့်ကန်စီမံချက်၊မြေတိုင်းရပ်ကွက်အမှတ်-၅၂၉/B^၇ (လေးထောင့်ကန်စီမံချက်)၊မြေကွက်အမှတ်-၁၇၅၊ဧရိယာ(၀.၂၃၅)ဧက၊မြေကွက်တည်နေရာအမှတ်-၁၃၊ယုဇန(၆)လမ်း၊လေးထောင့်ကန်စံပြရပ်ကွက်၊မင်္ဂလာဒုံမြို့နယ်၊လေးထောင့်ကန်ဂရန်ပေးစီမံချက်အတည်ပြုငယ်စာရင်းအမည်ပေါက်-ဒေါ်နန်းဟွမ်ခမ်း(၁၃/မကန(နိုင်)၀၂၆၇၈၆)မှလေးထောင့်ကန်စံပြရပ်ကွက်ဂရန်ရရှိရေးအထောက်အကူပြုကော်မတီရုံး၏ထောက်ခံချက်၊ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊မြို့နယ်အုပ်ချုပ်ရေးမှူးရုံး(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမင်္ဂလာဒုံမြို့နယ်)တို့၏ကန့်ကွက်ရန်မရှိကြောင်းထောက်ခံချက်၊နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ ခေမာ(၅)လမ်း၊ အမှတ်(၆၀/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ ဦးကျော်သန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့်နေအိမ်အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန်းသန်းရီ [၁၂/ဥကမ(နိုင်) ၀၅၁၂၀၇] ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်နေအိမ် အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ရဲကျော် [၉/တကန(နိုင်)၁၅၈၆၁၆] ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ဇော်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၈၂)**
**အမှတ်(၁၅)၊ ခိုင်ရွှေဝါလမ်း၊ မြဥယျာဉ်စိုက်ပျိုးရေးခြံ၊ (၄)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၈၄၆၅၈၇၁၊ ၀၉-၉၅၃၀၁၀၇၇၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈/မင်းကြီးရန်အောင်)၊ ဦးပိုင်အမှတ်(၆၄)၊ ဧရိယာ(၀.၁၅၈)ဧကေအနက်မှ ဧရိယာ(၀.၁၀၆)ဧကေအား ဦးအောင်စိုးဝင်း (ဘ) ဦးတင်ဦး နိုင်ငံသားစိစစ်ရေးအမှတ် [၉/တကန(နိုင်)၁၅၆၂၅၉]မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၅၅၇/၂၀၂၅)၊ တပ်ကုန်းမြို့နယ်၊ မြေစာရင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးပိုင်ခွဲမြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာ(၁၀)လမ်း၊ အမှတ် (၂၀၁) မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်မှ တိုက်(B)၊ အခန်း (၁)၊ မြေညီထပ် (ခြေရင်းခန်း)တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးယဉ်ထွေး (၁၄/ဇလန (နိုင်) ၁၂၇၃၅၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ ( ၇ ) ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သဲနုစံ** (LL.B., D.BL., D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၆၆၉)
အမှတ် (၇၀/ခ)၊ ၂-လမ်းသွယ် (၂)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း - ၀၉ ၄၀၁၆၂၀၈၀၆၊ ၀၉ ၇၉၉၂၆၀၉၇၃

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ ဂန္ဓမာလမ်းနေ ဦးမျိုး [၁၂/ကခက(နိုင်)၀၄၂၅၀၄]နှင့် မဇာခြည်မိုး [၁၂/ဒလန(နိုင်)၀၆၀၁၆၇]တို့သည် (၂၇-၄-၂၀၂၄)ရက်နေ့တွင် နှစ်ဦးသဘောတူ လက်ထပ်ထားသော တရားဝင်အကြင်လင်မယားများဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေများအား ဂုဏ်သိက္ခာကျ အရှက်ရစေမည့်ကိစ္စရပ်များကို ပြောဆိုပြုမူခြင်းများ လုံးဝ(လုံးဝ) မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ကျော်နိုင် (LL.B, D.B.L, D. I. L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၅၈၉)**
**အမှတ်(၅၂၈)၊ ရတနာလမ်း၊ သပြေကုန်းအရှေ့ပိုင်း၊ ဒလမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၂၅၂၇၀၅၁၄၁**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ သပြေကုန်းကျေးရွာအရှေ့ပိုင်း၊ ရတနာလမ်းသွယ်ရှိ (ခေါင်းရင်းခြမ်း) ဒေါ်ချိုဦး နေအိမ်နှင့် (ခြေရင်းခြမ်း) ဒေါ်အေးမြင့် နေအိမ်ကြားတွင်ရှိသော (မျက်နှာ၀ ၂၀ပေ x အလျား ၆၀ပေ) ကျယ်ဝန်းသော မြေကွက်နှင့် ယင်းမြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်စိုးမြင့်နှင့် မောင်ဇင်မောင်မောင်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိသူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူထားပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးကျော်ကျော်နိုင် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၅၈၉)**
**အမှတ်(၅၂၈)၊ ရတနာလမ်း၊ သပြေကုန်းအရှေ့ပိုင်း၊ ဒလမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၂၇၀၅၁၄၁**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၀၄)၊ ရွှေပြည်စိုး (၁)လမ်း၊ မြေကွက်အမှတ် (၅၈၅)ဟုခေါ်တွင်သော ဦးခင်မြင့် အမည်ပေါက်သည့် ပါမစ်မြေအမျိုးအစား၊ မြေအကျယ် ပေ(၄၀x၆၀) အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်း (ပါမစ်မူရင်း ၂-ရွက်ပါ)၊ မြေအကျယ် ပေ(၂၀x၆၀)ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးစိန်ဝင်း [၁၂/ဒပန(နိုင်)၀၃၀၀၉၁]မှ အဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချို [၉/မခန(နိုင်)၀၅၈၇၆၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားသူ-** **ညွှန်ကြားချက်အရ -**
**ဒေါ်ချို** **ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၀)**
**အမှတ်(၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၆၃၂၂၀၉၁**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
## စမ်းချောင်းမြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၄

ဦးထင်လင်းအောင် နှင့် ဒေါ်အိကေသွယ်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ မြေနီကုန်းဈေးလမ်း၊ အမှတ် (၆၇)နေ တရားပြိုင် ဒေါ်အိကေသွယ်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက "လင်မယားကွာရှင်းပေးစေလိုမှု"ဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်၊ (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်)နေ့ မွန်းမတည့်မီ (၁၂:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ (၂၀)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခိုင်ဖူးဝေ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**စမ်းချောင်းမြို့နယ်တရားရုံး**

## ဦးကျော်ဇင်ငြိမ်း၊ ဒေါ်မေရီထွန်းနှင့် ၎င်းတို့၏ တရားလွှတ်တော်ရှေ့နေ ဒေါ်အေးမွန်အောင် (စဉ်-၁၅၃၇၂)တို့၏ (၈-၆-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာတွင် ကြေညာချက်နှင့်ပတ်သက်၍ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၄)ရပ်ကွက်၊ ရွှေပြည်စိုး(၁)လမ်း၊ အမှတ်-(၁၂၁၈/က)နေ ဒေါ်ရင်မြင့် [၁၂/တကန(နိုင်)၀၀၅၃၆၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်-

အထက်ဖော်ပြပါမြေနှင့်နေအိမ်အဆောက်အဦမှာ ခင်ပွန်းဖြစ်သူ ဦးစံတင် လုပ်သက်ပင်စင်ဖြင့် ဝန်ထမ်းဘဝတွင် ရရှိခဲ့သော ဒဂုံမြို့သစ်အရှေ့ပိုင်း၊ (၁၂၈)ရပ်ကွက်မှ မြေကွက်အား ရောင်းချ၍ရရှိသော ငွေဖြင့်ဝယ်ယူကာ နေအိမ်ဆောက်လုပ်နေထိုင်ခဲ့ပြီး ယခုအခါ ခင်ပွန်းဖြစ်သူ ဦးစံတင် ကွယ်လွန်ပြီးနောက် ခင်ပွန်းဖြစ်သူ၏ ကျန်ရစ်သည့်ပစ္စည်းအပေါ် ဇနီးဖြစ်သူ ဒေါ်ရင်မြင့် တစ်ဦးတည်းက ဆက်ခံပိုင်ဆိုင်ပြီး လက်ရှိထားနေထိုင်လျက်ရှိပါသည်။

ဒေါ်မေရီထွန်းမှာ ဒေါ်ရင်မြင့်၏ သမီးဖြစ်ပြီး ဦးကျော်ဇင်ငြိမ်းမှာ သားမက်တော်စပ်ပါသည်။ ဒေါ်ရင်မြင့်မှာ ယခင် အိမ်ထောင်ဟောင်း ဦးထွန်းဦးကွယ်လွန်ပြီးနောက် မောင်ကျော်ငြိမ်းထွန်း၊ အသက်(၆)နှစ်နှင့် မမေရီထွန်း၊ အသက်(၃)နှစ်တို့ ကျန်ရှိခဲ့ပြီး ဦးစံတင်နှင့် ဒုတိယအကြိမ် အိမ်ထောင်သစ်ထူထောင်ကာ ဦးစံတင်၏ ဝန်ထမ်းလိုင်းခန်းတွင် သားသမီး(၂)ဦးနှင့်အတူ လိုက်ပါနေထိုင်ပေါင်းသင်းခဲ့ပါသည်။

ထို့နောက် ဦးစံတင်နှင့် သားသမီး(၃)ဦး ထပ်မံထွန်းကားခဲ့ပါသည်။ ဒေါ်မေရီထွန်း အရွယ်ရောက်၍ အိမ်ထောင်ကျခဲ့ပြီးနောက် ကလေး (၂)ဦး မွေးဖွားပြီးချိန်တွင် ၎င်း၏ အိမ်ထောင်ရေးအဆင်မပြေဘဲ အဆောင်တွင် သွားရောက်နေထိုင်ရသည့် အခြေအနေအပေါ် မိခင်ဖြစ်သူ ဒေါ်ရင်မြင့်မှ သမီးဖြစ်သူ ဒေါ်မေရီထွန်း မွေးဖွားသော ကလေးများကို ပြုစုပျိုးထောင်၍ မွေးမြူထိန်းကျောင်းပေးခဲ့ရပါသည်။ ထို့နောက်ပိုင်းတွင် ဒေါ်မေရီထွန်းမှာ အဆောင်တွင်နေထိုင်ရာမှ ဦးကျော်ဇင်ငြိမ်းနှင့် ဒုတိယအိမ်ထောင် ထပ်မံထူထောင်ခဲ့ပြီး မိခင်ဖြစ်သူ ဒေါ်ရင်မြင့်၏ နေအိမ်သို့ ရောက်ရှိလာကာ မိခင်ဖြစ်သူနှင့်အတူ ခေတ္တနေထိုင်လိုကြောင်း ပြောကြားသဖြင့် ဒေါ်ရင်မြင့်မှ မိခင်မေတ္တာဖြင့် ၎င်းတို့လင်မယား နှစ်ဦးအား နေထိုင်ခွင့်ပြုရာမှ အစပြု၍ မိခင်ဖြစ်သူ ဒေါ်ရင်မြင့် အပေါ်တွင် သမီးဖြစ်သူ ဒေါ်မေရီထွန်းနှင့် သားမက်ဖြစ်သူ ဦးကျော်ဇင်ငြိမ်းမှ ဒေါ်ရင်မြင့်အား "နင်" "ငါ" သုံးနှုန်းဆက်ဆံခြင်း၊ ရန့်ရင်းကြမ်းတမ်းစွာပြောဆိုခြင်း၊ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

သို့ဖြစ်၍ မိခင်ဖြစ်သူ ဒေါ်ရင်မြင့်မှ ၎င်းတို့နှင့် အတူမနေလိုတော့သဖြင့် ရပ်ကွက်ရုံးသို့ အသိပေးတိုင်တန်းခဲ့ရပြီး ၎င်းတို့အား နေအိမ်မှ ထွက်ခွာရန်ပြောဆိုခဲ့သော်လည်း နေအိမ်မှထွက်ခွာခြင်းမပြုဘဲ မိခင်ဖြစ်သူ၏နေအိမ်ကို ၎င်းတို့ ငွေကြေးများ ထည့်ဝင်ဆောက်လုပ်ထားသည်ဟုဆိုကာ ဆက်လက်နေထိုင်လျက်ရှိပြီး မိခင်ဖြစ်သူအား နေစဉ်နှင့်အမျှ ကိုယ်စိတ်နှစ်ပါးဆင်းရဲ၍ စိတ်နှလုံး ညှိုးနွမ်းစေရန်ပြုမူခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

သို့ပါသောကြောင့် ဒေါ်မေရီထွန်းနှင့် ဦးကျော်ဇင်ငြိမ်းတို့အနေဖြင့် (၈-၆-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာဖြင့် အများသိစေရန် ကြေညာချက်အား ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန်နှင့် လိုက်နာရန် ပျက်ကွက်ပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဒေါ်မေရီထွန်းအပေါ် "သွာနုတ္တာသမီး" အဖြစ် သတ်မှတ်ပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဒေါ်ရင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ရုံးခန်းအမှတ်(၂၇၀)၊ ဦးဥတ္တမလမ်း၊ (၃၈)ရပ်ကွက်၊** | **ဒေါ်ဇင်မာလွင်** |
| **ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။** | **LL.B, DBL, DIL** |
| **ဖုန်း- ၀၉-၄၄၈၄၁၃၃၄၃** | **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၈၈၀)** |

## ပျောက်ဆုံးကြောင်း

အိမ်သုံး အစားအစာ ထုတ်လုပ်မှုကုမ္ပဏီလီမိတက် (FOOD HOUSE PRODUCT CO.,LTD) ပိုင်ဆိုင်သော ယာဉ်အမှတ် (3C-7807)၏ CNG(Gas)စာအုပ် ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက်ထားမည် ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူရှိပါက ဆက်သွယ် အကြောင်းကြား ကန့်ကွက်နိုင်ပါသည်။

**ဖုန်း-၀၉-၄၅၀၄၅၅၁၁၅**

## ဥတုရာသီ တောကို မှီ၏

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၃၁၊မြေကွက်အမှတ်-၈၄၉၊မြေကွက်တည်နေရာအမှတ်-၈၄၉၊လှိုင်သီရိ(၁)လမ်း၊(၃၁)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဦးထွန်းခင်(CE-၀၄၄၈၇၁)အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအားမြေအမည်ပေါက်-ဦးထွန်းခင်(ခင်ပွန်း)ကွယ်လွန်သဖြင့်ဒေါ်သန်းမြင့်(၁၂/ဥကတ(နိုင်)၀၉၀၂၇၄)မှတစ်ဦးတည်းသောဇနီးဖြစ်ကြောင်း၊၎င်းသာလျှင်တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့်၎င်းမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊သေဆုံးမှုလက်မှတ်၊အိမ်ထောင်စုလူဦးရေစာရင်း၊နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၁)ရပ်ကွက်၊ ဗိုလ်ရာညွှန့်လမ်း၊ ဦးပိုင်အမှတ်(၄)၊ ကွင်းအမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ မြေကွက်အမှတ်(၄၆၅) ဟုခေါ်တွင်သော ပေ(၂၁/၂၀x၆၀)ရှိ ရေမီးစုံ မြေကွက်လွတ်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အားလုံးကို တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟုဝန်ခံသူ ဦးတင်မောင်ဝင်း [၁၂/တမန(နိုင်)၀၆၁၃၉၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန့်ဇင် [၇/ပခန(နိုင်)၂၃၅၉၅၃]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ အရောင်းအဝယ်စရန်ပေးစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဤမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများ၊ တိကျခိုင်လုံသော သက်သေအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းမြေကွက်အား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသန့်ဇင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွေးနွေးအိ (LL.B) အထက်တန်းရှေ့နေ(စဉ်-၄၇၅၂၅)**
**အမှတ်(ထ/၁၀၅)၊ ဘုရင့်နောင်လမ်း၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ သန်လျင်မြို့နယ်။ ၀၉-၂၆၀၄၀၂၀၀၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၀/မြို့မမြောက်ရပ်ရှိ မြေကွက်အမှတ် (ပ-၁၅၂၀)ကို အမည်ပေါက် ဦးဌေးအောင် (ဘ) ဦးသီဟ မှတ်ပုံတင်အမှတ် [၁၃/မယန(နိုင်)၀၀၂၆၈၂](တရားရှုံး)ကိုယ်စား ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ ဘီလစ်စာရေး ဦးကျော်ဆန်းဦး (ဘ) ဦးသံချောင်း မှတ်ပုံတင်အမှတ် [၉/တကန(နိုင်)၁၀၃၉၂၄]မှ မြေငှားစာချုပ်တွင် လက်ဗွေနှိပ်၊ လက်မှတ်ရေးထိုးထုတ်ယူခွင့်ပြုပါရန် ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၁၅/၂၀၂၄၊ တရားမဇာရီမှုအမှတ်- ၁၅/၂၀၂၄၊ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေပေးစလစ်(မူရင်း)၊ လူနေအိမ်ဆောက်လုပ်ပြီးစီးကြောင်းထောက်ခံစာ၊ မြေကွက်ဖိုးသွင်းချလန်၊ မြေပြင်အခြေအနေပြဓာတ်ပုံတို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၂/ရုံးရပ်)၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၁၀)ဧကရှိ ဒေါ်မြင့်မြင့်ရီ(ခ)ဒေါ်ဘန်နီဝင်း မှတ်ပုံတင်အမှတ် [၁၂/ဥကတ(နိုင်)၁၅၆၁၆၀]၊ အဖအမည် ဦးစဝ်ဝင်းကြည် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၀၁၃၃)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်- ၇၂၄/၂၀၁၅(၂၃-၆-၂၀၁၅)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်စိုးစိုးအိ မှတ်ပုံတင်အမှတ် [၁၀/ကမရ (နိုင်) ၀၀၀၀၅၄]၊ အဖအမည် ဦးခင်ညွှန့်မှ ဦးအောင်ဇေယျ မှတ်ပုံတင်အမှတ် [၇/ပမန(နိုင်) ၁၁၃၃၉၁]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## “လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိတစ်ဦးတည်း မူပိုင်ဖြစ်ကြောင်း သတိပေးကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၁၁၀)တွင်နေထိုင်သော ဦးဇင်ကိုကိုဝင်း (ဘ) မှိုင်းမွန်း (ခ)ဦးသိန်းမောင် [၁၂/မဂတ(နိုင်)၀၉၄၅၁၇] ကိုင်ဆောင်သူမှ အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် ( ၄၈၀၆/၂၀၂၅ ) ( ၅-၆-၂၀၂၅ ) ရက်စွဲဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်-

**မှတ်ပုံတင်စာချုပ်အမှတ် (၄၈၀၆/၂၀၂၅) (၅-၆-၂၀၂၅)**

အထက်ပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားမှာ “NS Bakery” ဖြစ်ပြီး ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်အသုံးပြုထားသော လုပ်ငန်း အမှတ်တံဆိပ် အမည်အမှတ်အသားဖြစ်ပါသည်။

အဆိုပါ “NS Bakery” လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် ဒန်းနစ်ပေါင်မုန့်၊ ခရိုးဆန့်ပေါင်မုန့်များ၊ ဟမ်ဘာဂါများ၊ ဟော့ဒေါ့များ၊ ကိတ်မုန့်များ၊ ကိတ်ခြောက်များ၊ အအေးများ၊ ကော်ဖီများနှင့် မွေးနေ့ကိတ်များကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ဆိုင်ခန်းများဖွင့်လှစ်၍ လက်လီလက်ကား ဖြန့်ဖြူးရောင်းချ၍ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ ငွေရပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Letter Head, Internet, Website၊ Facebook, Tik Tok, Instagram, Email, Youtube, Online Page အစရှိသည်တို့တွင် ကပ်နှိပ်၍လည်းကောင်း၊ ရိုက်နှိပ်၍လည်းကောင်း လိုအပ်သလို အသုံးပြုသွားမည်ဖြစ်ပါသည်။

ထို့အပြင် “NS Bakery” လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို အရောင်အမျိုးမျိုး။ အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကို ပြုလုပ်ကာ ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိတစ်ဦးတည်း(မူပိုင်)အဖြစ် အသုံးပြုလျက်ရှိသော ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို ကျွန်ုပ်၏မိတ်ဆွေမှ တစ်ပါး အခြားသူတစ်ဦးတစ်ယောက်မှ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲ၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းတို့ကို တွေ့မြင်ကြားသိရပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မာမာသိန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၂)**

**ဒေါ်နှင်းဝေလွင် (LL.B)** — **အထက်တန်းရှေ့နေ (စဉ်-၅၄၃၀၅)**

**အမှတ်- ၁၈၊ မြေညီထပ်၊ ဦးဖိုးကျားလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း- ၀၉-၅၀၆၄၉၅၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ သုနန္ဒာ(၁၀)လမ်း၊ အမှတ်(၂၆၇ ၃/၂)၊ ဧရိယာ(၂၀x၆၀)ပေရှိ (ဦးခင်စိုး)အမည်ပေါက် ဂရန်မြေကွက်နှင့် နေအိမ်အား လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူဟုအဆိုပြုသူ ဒေါ်ဇာဇာဝင်း [၅/အရတ(နိုင်)၀၈၄၁၆၄]နှင့် ဒေါ်မီမီအောင် [၆/ပလန(နိုင်)၀၅၄၃၇၉]ကိုင်ဆောင်သူတို့မှ ရောင်းချရန်ကမ်းလှမ်းလာ၍ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်သဖြင့် အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြေးမုံမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၆၆)**
**ဖုန်း-၀၉-၈၉၃၅၃၄၂၀၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဘုရင့်နောင်)၊ ဦးပိုင်အမှတ်(၁၆ᵏ)၊ ဧရိယာ(၀.၀၂၄)ဧကရှိ ဦးကျော်မြင့်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဦးကျော်မြင့် (ဘ) ဦးအောင်ဖေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၉/တကန(နိုင်)၀၁၁၁၀၈]မှ မြေငှားစာချုပ်သက်တမ်းတိုးပေးပါရန် နှစ်(၃၀)မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူများတင်ပြပြီး လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်သက်တမ်းတိုး လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၊ စိန်ပန်းလမ်းသွယ်(၂)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ လူနေရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၇၀)၊ အကျယ်အဝန်း (၆၀ပေ x ၆၀ပေ)၊ ဧရိယာ(၀.၀၈၂) ဧက၊ (၃၆၀၀)စတုရန်းပေရှိ ဦးလွန်းခင် [၁၂/လမန(နိုင်)၀၈၇၈၁၄] အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးညီညီဇော် [၁၂/ အစန(နိုင်)၀၆၉၉၅၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မိသီတာဖံ [၁၀/ခဆန(နိုင်)၀၆၀၉၁၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆို အထောက် အထားမူရင်းများနှင့်တကွ ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာခင် (LL.B, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၄၅)**
**တိုက် (A3)၊ အခန်း(၂၀၉)၊ ဗညားဒလလမ်း၊**
**ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၃၁၁၉၈၄၅၊ ၀၉-၉၆၄၁၁၉၈၄၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၉)၊ မြေကွက်အမှတ်(၁၂၇၄)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသန်းထူး [၁၂/ပဇတ(နိုင်)၀၀၈၃၄၇] အမည်ပေါက်သော နှစ်(၆၀)မြေငှားဂရန်မြေကွက်၊ ဧရိယာ(၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေ၊ အကျယ်အဝန်း(အလျား-၄၀ x အနံ-၆၀)ပေ အကျယ်ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်ကို မူလအမည်ပေါက်ထံမှ ဝယ်လက်ရောက်ရရှိယူခဲ့သူ ဦးမင်းသူအောင်[၁၂/ဒဂတ(နိုင်)၀၅၁၄၅၄]က အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သန်းသန်းယု[၁၂/သဃက(နိုင်)၁၆၆၃၄၄]က အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက် စာတမ်း(မူရင်း)အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်သန်းသန်းယု**
**[၁၂/သဃက(နိုင်)၁၆၆၃၄၄]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီဂီစိုး (LL.B,D.B.L, D.I.L, D.I.P.L, D.M.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၅၉၄၈)**
**အမှတ်(၃၁/A)၊ မြေညီထပ်(B)၊ ကန်လမ်း၊**
**ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၁၈၆၃၈၈**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ် (၁၃၈-က)/(၁၃၉)မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၅)ထပ်တိုက်မှ ဒုတိယထပ် (ခေါင်းရင်းခန်း)တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ် စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်သူရ (၁၂/မရက (နိုင်) ၁၅၅၈၄၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ် နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ ( ၇ ) ရက် အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သဲနုစံ** (LL.B., D.BL., D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၆၉)
အမှတ် (၇၀/ခ)၊ ၂-လမ်းသွယ် (၂)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း - ၀၉ ၄၀၁၆၂၀၈၀၆၊ ၀၉ ၇၉၉၂၆၀၉၇၃

## “အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ်(၁၆၁)တွင်တည်ရှိသော Bo Ma Pet Villa ၏ လွှဲအပ်ညွှန်ကြားချက် အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

Bo Ma Pet Villa ၏ ဆိုင်(၁)အား ဒေါ်မြမြင့်သူ [၉/မဟမ(နိုင်) ၀၁၉၇၃၈] နှင့် ဒေါ်ခင်အိန္ဒြေဝင့်ဝါ [၁၂/စခန(နိုင်)၀၆၈၀၇၅]တို့(၂)ဦးမှ အစုစပ်လုပ်ငန်းအဖြစ် ပူးပေါင်းလုပ်ကိုင်ခဲ့ကြပြီး ယခုအခါတွင် အစုစပ်လုပ်ငန်းအား ဆက်လက်ပူးပေါင်းလုပ်ကိုင်လိုသည့်ဆန္ဒ မရှိကြတော့ပါသဖြင့် နှစ်ဖက်သဘောတူညီမှုဖြင့် “အစုဝင်နုတ်ထွက်ခြင်းဆိုင်ရာ သဘောတူညီမှု ကတိစာချုပ်"ကို ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၁၁-၄-၂၀၂၅)နေ့ရက်မှစတင်ကာ ဒေါ်ခင်အိန္ဒြေဝင့်ဝါသည် Bo Ma Pet Villa ၏ အစုရှယ်ယာရှင်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်ပါသဖြင့် Bo Ma Pet Villa ၏ အမည်အမှတ်တံဆိပ်အမှတ်အသားများနှင့်ဖြစ်စေ၊ Bo Ma Pet Villa ဆိုင်(၁)ဖြစ်စေ၊ ဆိုင်(၂)ဖြစ်စေ ဒေါ်ခင်အိန္ဒြေဝင့်ဝါနှင့် သက်ဆိုင်ခြင်း မရှိတော့ပါကြောင်းနှင့် လုပ်ငန်းဖြစ်စေ၊ ငွေကြေးဖြစ်စေ Bo Ma Pet Villa နှင့် ဒေါ်ခင်အိန္ဒြေဝင့်ဝါတို့အကြား ပတ်သက်မှုတစ်စုံတစ်ရာ မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Bo Ma Pet Villa (ဒါရိုက်တာအဖွဲ့)၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးမင်းမင်းသိမ့်** — **(LL.B,D.B.L,D.I.L,D.M.L)** — **တရားလွှတ်တော်ရှေ့နေ** — **(စဉ် - ၁၄၅၃၇)**

**ဒေါ်ချယ်ရီဝင်း** — **(LL.B,WIPO SwitzerLand)** — **တရားလွှတ်တော်ရှေ့နေ** — **(စဉ်-၁၅၄၀၁)**

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၈၉၄၂၊ ၀၉-၂၀၃၉၀၄၁**

**ဖော်ပြပါ မြေကွက်များအား မြေငှားစာချုပ် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထား(မူရင်း)များ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း**

**အသိပေးကြေညာအပ်ပါသည် -**

| စဉ် | မြို့နယ် | မြေတိုင်း | မြေကွက် | အိမ်ရာစီမံကိန်း | လျှောက်ထားသူအမည် | မှတ်ပုံတင်အမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | သန်လျင် | ဘုရားကုန်းအဆင့်-၂ | ၂၇ | ရွှေစကြာ | ဒေါ်မွန်မွန်ခိုင် | [၁၂/ကမရ(နိုင်)၀၂၀၈၂၄] | |
| ၂ | ။ | ။ | ၁၃၀ | ။ | ဒေါ်အေးအေးသိန်း | [၁၂/ဗတထ(နိုင်)၀၁၄၈၃၂] | |
| ၃ | ။ | ။ | ၁၇၃ | ။ | ဒေါ်အေးသက်အောင် | [၁၂/ခရန(နိုင်)၀၀၁၇၃၅] | |
| ၄ | ။ | ။ | ၁၉၂ | ။ | ဒေါ်အေးသက်အောင် | [၁၂/ခရန(နိုင်)၀၀၁၇၃၅] | |
| ၅ | ။ | ။ | ၂၄၁ | ။ | ဒေါ်အေးအေးသိန်း | [၁၂/ဗတထ(နိုင်)၀၁၄၈၃၂] | |

**မြေယာဌာနခွဲ၊မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## အသိပေးကြေညာခြင်း

မြန်မာဂေါက်သီးရိုက်အသင်း အသင်းသားများအနေဖြင့် နှစ်စဉ်ကြေး ကြွေးကျန်များ တွေ့ရှိရပါသဖြင့် ၃၀-၉-၂၀၂၅ ရက်နေ့ နောက်ဆုံးထား ပေးသွင်းကြပါရန်နှင့် ပေးသွင်းခြင်းမရှိပါက ၁-၁၀-၂၀၂၅ ရက်နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအပိုဒ် ၁၄-၁(ဃ)အရ Defaulter အဖြစ် သတ်မှတ်မည်ဖြစ်ပြီး ဧည့်သည်ကြေးအဖြစ် ပေးသွင်းကစားရမည်ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးသန့်ဇင်မိုး၏ သား မောင်သော်ဇင်အောင် [၁၄/ငပတ(နိုင်)၂၉၂၆၈၀]၏ သင်္ဘောသား မှတ်ပုံတင်စာအုပ် (CDC-002540) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-444670003**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၆-၂၀၂၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၃၀)တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်မိုးသွယ်၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အစား မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၅၆)၊ ဦးပိုင်အမှတ်(၁၅-က)၊ ၃၈(A)လမ်း၊ ၅၅x၅၄ လမ်းကြားရှိဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဥမ္မာမြင့် [၉/မနမ (နိုင်)၀၉၂၉၃၂]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၈၂၃/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ကော်ရှောက်ချင်း [၁၃/တမည(နိုင်)၀၀၇၀၁၈]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

